# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၈၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ္စမတ် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံ အဖွဲ့ချုပ်ကြီးများ ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယ ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ St. Mary's Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့ ဖတ် စ ရာ**


တရားမဝင်ကုန်သွယ်မှုမှ တရားဝင်ကုန်သွယ်မှုဆီသို့ — ဆောင်းပါး — စာ ၁၀

ကျန်းမာချင်ပါသလား... လမ်းလျှောက်ပါ — ဆောင်းပါး — စာ ၂၅


**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၅၊ ၁၆၊ ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည့်ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

မြန်မာ့အလင်း

## နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမြင့်မားရေးတွင် စိုက်ပျိုးပညာစွမ်းပကားဖြင့် ဝိုင်းဝန်းမြှင့်တင်

မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်တွင် နေထိုင်ကြသည့်အနက် ၄၅ ရာခိုင်နှုန်းခန့်က စိုက်ပျိုးရေးကို တိုက်ရိုက်လုပ်ကိုင် အသက်မွေးဝမ်းကျောင်းကြခြင်းဖြစ်ပြီး အခြားကျေးလက်နေပြည်သူများမှာမူ စိုက်ပျိုးရေးကို အခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြခြင်းဖြစ်ရာ စိုက်ပျိုးရေးနှင့် တစ်နည်းတစ်ဖုံပတ်သက်နေသည်။ သို့ဖြစ်သည့်အလျောက် မြန်မာနိုင်ငံသားအများစုမှာ စိုက်ပျိုးရေးဖြင့်အဓိက အသက်မွေးနေကြခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် လိုအပ်ချက်များရှိနေရာ ယင်းလိုအပ်ချက်ကို မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးအခြေခံ နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများအပါအဝင် သီးနှံအမျိုးပေါင်း ၆၁ မျိုး၊ စုစုပေါင်းသီးနှံစိုက်ဧရိယာဧက ၄၉ ဒသမ ၃၉ သန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်း စသည့် နှစ်ရှည်ပင်များ စိုက်ပျိုးမှုများလည်းရှိသည်။ မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်မျှသာရှိရာ သီးထပ်စွမ်းအား တိုးတက်ရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးသည်။ မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိရာတွင် ခြောက်သန်းကျော်သာ သီးထပ်စိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်းမရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရေသယံဇာတလုံလောက်စွာရှိသော်လည်း စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်မှုမရှိခြင်းတို့က စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရာတွင် အားနည်းချက်များကိုဖြစ်ပေါ်စေသည်။ စိုက်ပျိုးရေရရှိရေး ကြိုးပမ်းဆောင်ရွက်ပြီး စိုက်ပျိုးမြေများကို အကျိုးရှိစွာအသုံးချခြင်းအားဖြင့် စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေမည်ဖြစ်သည်။

စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ လိုအပ်သကဲ့သို့ ခေတ်မီစိုက်နည်းစနစ်များလည်း လိုအပ်သည်။ ယင်းအတွက် သုတေသနလုပ်ငန်းများ မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပြီး အထွက်ကောင်း မျိုးစေ့များ ဖြန့်ဝေမှု၊ ခေတ်မီစိုက်နည်းစနစ်များ ဖြန့်ဝေမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရာတွင် အရေးပါသည့်အချက်တစ်ရပ်မှာ လူသားအရင်းအမြစ်ပင်ဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်တို့ တိုက်ရိုက်သော်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုနေကြသည့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်တို့လည်း လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာမည်ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကိုလည်း မဖြစ်မနေ ပြုစုပျိုးထောင်မွေးထုတ်ပေးနေရခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွက် လိုအပ်သည့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် မန္တလေးမြို့၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၁၀၀ တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။ စိုက်ပျိုးရေးပညာသင်ကြားမှု နှစ် ၁၀၀ အတွင်း ပညာရှင်ပေါင်းသောင်းနှင့်ချီ၍လည်း မွေးထုတ်ပေးထားခဲ့ပြီးဖြစ်သည်။ တိုးတက်ပြောင်းလဲလာသည့် စိုက်ပျိုးရေးပညာများကို ခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်ပါနိုင်ရန် သင်ကြားမှုနှင့် သုတေသနတို့ကို နိုင်ငံတကာရှိ တက္ကသိုလ်များအဆင့်နှင့်ကိုက်ညီအောင် ပြုပြင်မွမ်းမံသင်ကြားပေးနေခြင်းဖြစ်ရာ ထွက်ပေါ်လာသည့် လူသားအရင်းအမြစ်များ၊ စိုက်ပျိုးရေးပညာရှင်များ၏စွမ်းပကားကို နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ မြင့်မားအောင် မြှင့်တင်ရာတွင် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန်လိုသည်။

လက်ရှိ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမှာ သီးနှံအမယ်ချင်းအလိုက်၊ စိုက်ပျိုးမြေတစ်ယူနစ်ချင်းအလိုက်၊ စိုက်ပျိုးထုတ်လုပ်သူတစ်ဦးချင်းအလိုက် နှိုင်းယှဉ်မှုများတွင် ဒေသတွင်းနိုင်ငံများအနက် နိမ့်ကျသည့်အနေအထား၌ရှိနေရာ နိုင်ငံ့စီးပွားမြင့်မားရေးအတွက် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးတွင် စိုက်ပျိုးရေးပညာရှင်များ၏ စွမ်းပကားဖြင့် အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက် ပြန်အစားထိုးရန်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့်နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ ပြက္ခဒိန် နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ အောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်(စနေနေ့)၊ ၂၉ ရက်(တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တို့ကြားရှိ ၂၀၂၄ ခုနှစ်၊ **ဒီဇင်ဘာလ ၃၁ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ခ) ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်(တပေါင်းလပြည့်နေ့)၊ ၁၅ ရက်(စနေနေ့)နှင့် ၁၆ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **မတ်လ ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ ရှေ့တစ်ရက်ဖြစ်သည့် မတ်လ ၁၂ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ဂ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်(စနေနေ့)၊ ၂ ရက်(တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင် မုန်းလပြည့်နေ့)တို့ကြားရှိ **နိုဝင်ဘာလ ၃ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)၊

(ဃ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက် (စနေနေ့)နှင့် ၂၈ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **ဒီဇင်ဘာလ ၂၆ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)။

**အထက်ပါ ပိတ်ရက်ရှည်အဖြစ် သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံး စနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။** ပထမ ရုံးပိတ်ရက် ၅ ရက်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စနေနေ့သည် အစားထိုးရုံးတက်ရက်ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီလ ၁၁ ရက်(စနေနေ့)**၊ ဒုတိယ ရုံးပိတ်ရက်ရှည်အတွက် **မတ်လ ၂၂ ရက် (စနေနေ့)နှင့် မတ်လ ၂၉ ရက်(စနေနေ့)**၊ တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာလ ၈ ရက်(စနေနေ့)**၊ စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် (စနေနေ့)တို့ကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်**မည်ဖြစ်ကြောင်း သိရှိရသည်။


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - စိုးစိုးနိုင် | | **သတင်းထောက်မှူး** - ခင်ရတနာ | |
| **စာတည်းမှူး** - မြင့်စိုး | | **အကြီးတန်း** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| **စာတည်းများ** - ဝင်းကျော်၊ နေဇာဇာထွန်း | | **သတင်းထောက်များ** ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| **ဘာသာပြန်စာတည်း** - ခြူးစန္ဒီဌေး၊ တင်လင်းအောင် | | **အငယ်တန်း** - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| **သုတေသန** - အိအိခင်နှင့် အဖွဲ့ | | **သတင်းထောက်များ** | |
| **စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့ | | **ဓာတ်ပုံသတင်းထောက်** - တင်စိုး | |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | | **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့ | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊** ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့ လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အစီကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



အင်းလေးရှုခင်း ဓာတ်ပုံ - မျိုးမင်းထိုက်(ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ "အိုသာယာသောမြန်မာပြည်" ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြစဉ်။

❐ *ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ် လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင်ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် St. Mary's Cathedral Church သို့ ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

❖ **မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံ သဟဇာတဖြစ်စွာ အတူယှဉ်တွဲစုစည်းနေထိုင်ခဲ့ကြသည်ကို အားလုံးသိရှိပြီးဖြစ်၊ ထိုသို့ မတူကွဲပြားမှုများကြားတွင် မိမိတို့သည် သဘောထားကြီးစွာဖြင့် အပြန်အလှန်သည်းခံမှု၊ နားလည်ပေးနိုင်မှုများဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့၊ ယင်းကို မိမိတို့ ဆက်လက်ကာကွယ်ထိန်းသိမ်းသွားကြရန်လိုပြီး အထူးသဖြင့် သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များက မိမိတို့ ဘာသာဝင်များကို အသိ၊ ပညာ၊ စိတ်ဓာတ်များကောင်းမွန်အောင် တည့်မတ်ပေးကြရန် တိုက်တွန်းလို**

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ သိက္ခာတော်ရဆရာ မျိုးမြင့်ဦးက အဖွင့်ဆုတောင်းပြီး သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**သံပြိုင်သီဆိုချီးမွမ်း**

ထို့နောက် "အိုသာယာသောမြန်မာပြည်" ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယေရှုခရစ်တော်မွေးဖွားခြင်းကို အထိမ်းအမှတ်ပြုသည့်နေ့အဖြစ် ခရစ္စမတ်နေ့ကိုကျင်းပကြခြင်းဖြစ်ပြီး ခရစ္စမတ်ကာလသည် လူအများကို ပြုံးပျော်စေသည့်၊ ပျော်ရွှင်ချမ်းမြေ့စေသည့် ကာလတစ်ခုဟု ဆိုနိုင်ကြောင်း။

ဘာသာတရားနှင့်ပတ်သက်ပြီး လူသားတိုင်းသည် မိမိတို့ယုံကြည်ရာ ဘာသာ၊ သာသနာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်သည့် အခွင့်အရေးရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘာသာ၊ သာသနာများနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင် ပုဒ်မများပြဋ္ဌာန်းပြီး ဥပဒေကြောင်းအရအာမခံချက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း၏ ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်ခွင့် အညီအမျှရရှိရေးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း။

ဘာသာတရားဟူသည်မှာ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစေရေးအတွက် အဆုံးအမတစ်ခုပင်ဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း၊ အသိတရားတစ်ခုလည်းဖြစ်ပြီး ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း၊ လူသားတို့၏ အတွင်းစိတ်သန္တာန်အေးချမ်းမှသာ လူမှုဝန်းကျင်တစ်ခုလုံးငြိမ်းအေးမှုအရသာကို ခံစားကြရမည်ဖြစ်ကြောင်း၊ ကိုးကွယ်သည့်ဘာသာတရားများ မတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများဖုံးလွှမ်းနေရေးအတွက် ဘာသာတရားများ၏ အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည်ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံ သဟဇာတဖြစ်စွာ အတူယှဉ်တွဲစုစည်းနေထိုင်ခဲ့ကြသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ထိုသို့ မတူကွဲပြားမှုများကြားတွင် မိမိတို့သည် သဘောထားကြီးစွာဖြင့် အပြန်အလှန်သည်းခံမှု၊ နားလည်ပေးနိုင်မှုများဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြကြောင်း၊ ယင်းကို မိမိတို့ ဆက်လက်ကာကွယ်ထိန်းသိမ်းသွားကြရန်လိုပြီး အထူးသဖြင့် သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များက မိမိတို့ ဘာသာဝင်များကို အသိ၊ ပညာ၊ စိတ်ဓာတ်များကောင်းမွန်အောင် တည့်မတ်ပေးကြရန် တိုက်တွန်းလိုကြောင်း။

**အဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်**

မိမိတို့အစိုးရအနေဖြင့်လည်း ပြည်သူအားလုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက်

*စာမျက်နှာ ၄ သို့*



ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီးဆုမွန်စကား မျှဝေပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ရှေ့လုပ်ငန်းစဉ်များ၊ အမျိုးသားရေးနှင့် နိုင်ငံရေးရည်မှန်းချက်များချမှတ်ပြီး ကြိုးစားဆောင်ရွက်ပေးနေကြောင်း၊ အတူယှဉ်တွဲနေထိုင်ကြသည့် လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ ကြုံတွေ့လာသည့် ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာတစ်နည်းအားဖြင့် နိုင်ငံရေးအရ တောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ ရနိုင်မည်မဟုတ်ကြောင်း၊ ထိုကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုလမ်းစဉ်ကို မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံသကဲ့သို့ မိမိတို့အားလုံးကလည်း ဆန့်ကျင်ကြရန်လိုကြောင်း။

**ကျရာကဏ္ဍအသီးသီးမှ ပါဝင်ပေး**

မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူဦးရေအများဆုံးရှိပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်သူဦးရေသည် ဒုတိယအများဆုံးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရန်၊ ကြွယ်ဝချမ်းသာရန် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာဝင်များက အရေးကြီးသည့်နေရာတွင် ရှိနေကြောင်း၊ ထို့ကြောင့် ကျရာကဏ္ဍအသီးသီးမှ ပါဝင်ပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းပြောကြားလိုကြောင်း၊ ယခုခရစ္စမတ်အချိန်အခါကစပြီး ဘုရားရှင်၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့မြန်မာနိုင်ငံသာမကဘဲ ကမ္ဘာတစ်ဝန်းရှိ ပြည်သူပြည်သားအားလုံး တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ သည်းခံပေးမှုစိတ်ထားများဖြင့် တည်ငြိမ်အေးချမ်းသာယာလှပသည့် လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်သွားကြရန် နှိုးဆော်လျက် ခရစ္စမတ်ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

**အထူးဆုတောင်းခြင်းဆောင်ရွက်**

ယင်းနောက် နော်အယ်ဆရီးဝါးက ဂုဏ်တော်ချီးမွမ်းခြင်းကိုလည်းကောင်း၊ သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျန်နာ ဦးဆောင်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲအတုံ့အပြန် ဖတ်ကြားခြင်းကိုလည်းကောင်း၊ Sister မေရီဇင်မာဆွေက ကျမ်းစာဖတ်ကြားခြင်းကိုလည်းကောင်း၊ ဓမ္မဒေသနာချီးမြှင့် ဟောကြားခြင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုကလည်းကောင်း ဆောင်ရွက်ကြပြီး ခရစ္စမတ်သံစုံကို ကျေးဇူးတော်မြတ် နှစ်ခြင်းအသင်းတော်မှ သီဆိုဟစ်ကြွေးကြသည်။ ထို့နောက် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းခြင်းကို ဆောင်ရွက်သည်။

**ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်၊ ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကိုပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်ပေးအပ်စဉ်။

ယင်းနောက် သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားပြီး သိက္ခာတော်ရဆရာစောဆားနေက ခရစ္စမတ်အခါသမယ မိတ်သဟာယ ညစာစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကို ဆောင်ရွက်သည်။

ထို့နောက် "ခရစ်တော်ကြွလာကျူး" ဓမ္မသီချင်းကို ပရိသတ်များက သံပြိုင်သီဆိုကြသည်။

**ခရစ္စမတ်ကောင်းချီးဆုမွန်စကားမျှဝေ**

ဆက်လက်၍ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီးဆုမွန်စကားမျှဝေပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစု၊ အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာပြည်သူပြည်သားအားလုံး ကောင်းချီးမင်္ဂလာများ ရရှိပါစေကြောင်းဖြင့် ဆုမွန်စကားပြောကြားသည်။

**မိတ်သဟာယညစာကို အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများမှ တည်ခင်းဧည့်ခံသည့် မိတ်သဟာယညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်ခန်းမ ကမ္ပည်းမော်ကွန်းကျောက်စာနှင့် ရာပြည့်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွှန့်ဖေတို့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရာပြည့်ခန်းမ ကမ္ပည်းမော်ကွန်းကျောက်စာနှင့် ရာပြည့်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ဆက်လက်ပက်ဖျန်းပေးကြသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရာပြည့်ဘက်စုံသုံးခန်းမအတွင်း လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေတို့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကျင်းပမည့် ဘွဲ့နှင်းသဘင်ခန်းမသို့ သွားရောက်ကြရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားမောင်မယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

## သမိုင်းမှတ်တမ်းရုပ်သံဖိုင်အားကြည့်ရှု

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တက္ကသိုလ် နှစ် (၁၀၀) ပြည့် သမိုင်းမှတ်တမ်း ရုပ်သံဖိုင်အား ကြည့်ရှုကြသည်။ *စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာပြည့်ဘက်စုံသုံးခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၅ မှ*

**❍ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်ကို ယူပြီးချိန်တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" နှင့် "ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"ဟူသည့် စီးပွားရေးဦးတည်ချက်များကို ထည့်သွင်းချမှတ်ပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံပိုလျှံအောင် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်နေ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းရင်းသားပြည်သူ အများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးကဏ္ဍများနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပြီး နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကြောင်း၊ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ပြည်သူလူထု၏ လူမှုဘဝအခြေအနေ တိုးတက်ကောင်းမွန်ရေးနှင့် စားရေရိက္ခာဖူလုံရုံမက ပိုလျှံရေးအတွက် စိုက်ပျိုးရေးကို အလေးထားလုပ်ဆောင်ပေးခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်က အစိုးရအဆက်ဆက်ကလည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးဖို့ မူဝါဒများချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒေသအလိုက်သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့် ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟာစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ်စသည့် စိုက်ပျိုးရေးကို အထောက်အကူပြုသည့် အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းသား လူမျိုးပေါင်းစုံက ဒေသအနှံ့တွင် ပျံ့နှံ့နေထိုင်နေကြခြင်းကြောင့် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် လူသားစွမ်းအင်အရင်းအမြစ်များ ခိုင်မာတောင့်တင်းနေပြီး စိုက်ပျိုးရေးအတွက် အားသာချက်ကိုဖြစ်စေကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်၏ သမိုင်းမှတ်တမ်းကို လေ့လာကြည့်သည့်အခါ၌ ကိုလိုနီလက်အောက်ကျရောက်ခဲ့ပြီး ဆယ်စုနှစ်ကာလများတွင် မြန်မာနိုင်ငံ၏ ရေခံမြေခံကောင်းကို အသုံးချနိုင်ရန် အိန္ဒိယနိုင်ငံကို စိုက်ပျိုးရေးအတတ်ပညာသင်များ စေလွှတ်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ ယင်းကာလတွင် ပညာသင်စေလွှတ်ခဲ့သူ ၄၀ အနက် ၁၉ ဦးသည် မိမိတို့နိုင်ငံစိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ၂၁ ဦးမှာ အိန္ဒိယနိုင်ငံစိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်ဟု သိရပါကြောင်း။

**◆ နှစ်(၁၀၀)ကာလအတွင်း တက္ကသိုလ်အနေဖြင့် နိုင်ငံတော်က အားထားရမည့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၃၁၉၇ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၆၇၃ ဦး၊ ပါရဂူဘွဲ့ရ ၈၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာ လက်မှတ်ရ ၇၀ နှင့် မဟာဒဿနဘွဲ့ရ ၁၁ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရ**

မိမိတို့နိုင်ငံ၏ သီးနှံများကို နိုင်ငံတကာဈေးကွက်ဝင်စေရန် မိမိတို့၏ မိရိုးဖလာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်သည် လိုအပ်ချက်များ၊ အားနည်းချက်များ ရှိနေသည်ကိုလေ့လာသိရှိလာခဲ့ကြကြောင်း၊ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်စွမ်းရှိသည့် ပြည်တွင်းစိုက်ပျိုးရေးပညာရှင်များရှိမှ ဖြစ်မည်ဆိုသည်ကို သတိပြုမိလာခဲ့ကြကြောင်း။

**လေးစားဂုဏ်ယူအသိအမှတ်ပြု**

ထို့ကြောင့် လိုအပ်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် မန္တလေးမြို့၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်ဟုသိရကြောင်း၊ ယင်းကာလကတည်းက စိုက်ပျိုးရေးပညာရှင်များအနေဖြင့် နိုင်ငံ၏ရေခံမြေခံကောင်းကို အသုံးချပြီး လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းခဲ့ကြသည်ကို လေးစားဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် စိုက်ပျိုးရေးကောလိပ်ကို စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်တွင် စိုက်ပျိုးရေးတက္ကသိုလ်ကို စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်များ ပြည့်စုံနေသည့် ပျဉ်းမနားမြို့နယ် ရေဆင်းဒေသသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း။

**ဂုဏ်ယူဖွယ်တက္ကသိုလ်ကြီးဖြစ်**

စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်ပေါင်းများစွာကို သင်ကြားမွေးထုတ်ဖြည့်ဆည်းပေးနေသောကြောင့် ဂုဏ်ယူဖွယ်တက္ကသိုလ်ကြီးဖြစ်ကြောင်းကို ပြောလိုကြောင်း၊ ယခုနှစ် ၂၀၂၄ ခုနှစ်သည်လည်း နိုင်ငံ၏စိုက်ပျိုးရေးဆိုင်ရာ လူသားအရင်းအမြစ်များကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးပညာသင်ကြားမှု အစပြုခဲ့သည်မှာ နှစ်(၁၀၀) ပြည့်မြောက်သည့် နှစ်ဖြစ်သဖြင့် အင်မတန်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

*စာမျက်နှာ ၇ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထွက်ကောင်း အောင်နိုင်တိုးစပါး Yezin Super Rice (YSR–1) စပါးမျိုးထုတ်လုပ်နိုင်ခဲ့မှုအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအား ဂုဏ်ပြုဆုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်အထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

*စာမျက်နှာ ၆ မှ*

စိုက်ပျိုးရေးကောလိပ် စတင်ဖွင့်လှစ်ချိန်၌ **"၃နှစ် စိုက်ပျိုးရေးဒီပလိုမာ"** အောင်လက်မှတ် ချီးမြှင့်သည့်အဆင့်မှ ဥပစာတန်း အောင်မြင်သူများ(၂)နှစ် တက်ရောက်နိုင်သည့် သိပ္ပံဘွဲ့ (စိုက်ပျိုးရေး)B.Sc (Agri)၊ သိပ္ပံဘွဲ့(ပိုးမွေးမြူရေး) B.Sc (Sericulture) တို့ကို ပေးအပ်ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ် စနစ်သစ်ပညာရေးကစပြီး စိုက်ပျိုးရေးပညာဘွဲ့ (Bachelor of Agriculture)၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) တို့ကို အပ်နှင်းခဲ့ကြောင်း၊ လက်ရှိအချိန်၌ မဟာဘွဲ့၊ ပါရဂူဘွဲ့များအပြင် တိုးတက်ပြောင်းလဲလာနေသည့် ခေတ်နှင့်အညီ သင်ကြားပေးနိုင်ရေး သင်ရိုးညွှန်းတမ်း၊ သင်နည်းစနစ်၊ သုတေသနများကို နိုင်ငံတကာရှိ တက္ကသိုလ်များအဆင့်နှင့်ကိုက်ညီအောင် ပြုပြင်မွမ်းမံသင်ကြားပေးနေပြီး စိုက်ပျိုးရေးနှင့် နီးနွယ်သော ပညာရပ်ဆိုင်ရာဘွဲ့များ တိုးချဲ့သင်ကြားပေးနေသည့်အတွက် အလွန်အားရဖွယ် အနေအထားဖြစ်ကြောင်းကို အသိအမှတ်ပြု ပြောကြားလိုကြောင်း။

**နိုင်ငံ့အတွက်အကျိုးကျေးဇူးများရရှိ**

နှစ်(၁၀၀)ကာလအတွင်း တက္ကသိုလ်အနေဖြင့် နိုင်ငံတော်က အားထားရမည့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၃၃၁၉၇ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၆၇၃ ဦး၊ ပါရဂူဘွဲ့ရ ၈၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာ လက်မှတ်ရ ၇၀ နှင့် မဟာဒဿနဘွဲ့ရ ၁၁ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့ မွေးထုတ်ပေးနိုင်ခဲ့သောကြောင့် နိုင်ငံ့အတွက် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်ကို ယူပြီးချိန်တွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"** နှင့် **"ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"** ဟူသည့် စီးပွားရေးဦးတည်ချက်များကို ထည့်သွင်းချမှတ်ပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်း စားရေရိက္ခာ ဖူလုံပိုလျှံအောင် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်တွင်ရှိသည့် သီးနှံစိုက်ဧက စုစုပေါင်း ၃၃ သန်းမှ အရေးကြီးသီးနှံများကို ဦးစားပေးပြီး ပြည်တွင်းစားရေရိက္ခာ ဖူလုံမှုရှိစေရေး၊ ပြည်ပကို တိုးချဲ့ တင်ပို့ရောင်းချနိုင်ရေးနှင့် သွင်းကုန်အစားထိုး ပမာဏတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်သည် အကြိမ်ကြိမ်သုတေသနပြုပြီးမှ ဖော်ထုတ်ထားခြင်းဖြစ်သဖြင့် ဒေသအလိုက် ပန်းတိုင်ပြည့်မီရေး စနစ်တကျသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ သီးထပ်စွမ်းအားမြှင့်တင်နိုင်မှုသည်လည်း နိုင်ငံ၏ကုန်ထုတ်စွမ်းအားတိုးတက်ပြီး GDP ပမာဏတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ကြသည့်နေရာတွင် စိုက်ပျိုးရေးပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်နေသည့် အခြားဆက်စပ်ကဏ္ဍများမှ ပညာရှင်များဖြင့် ချိတ်ဆက်လုပ်ဆောင်မှုသည်လည်း အရေးကြီးကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်**

ထိုသို့ ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းများ အဆင်ပြေအောင်မြင်စေရေး တက္ကသိုလ် စတင်တည်ထောင်စဉ်ကာလတွင် **"သင်ကြားရေးနှင့် သုတေသန"** ဟူသည့် လုပ်ငန်းနယ်ပယ် (၂) ရပ်ကို ဦးစားပေးခဲ့ကြောင်း၊ ယခုအချိန်တွင် **"သင်ကြားရေး၊ သုတေသနနှင့် နည်းပညာပြန့်ပွားရေး"**ဟူသည့် လုပ်ငန်းစဉ်ကြီး (၃) ရပ်အဖြစ် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အများဆုံးအသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေး ဦးစားပေးရမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ထိုကဲ့သို့ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းစေမည့် သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာများကို ကျေးလက်နေ စိုက်ပျိုးရေး ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီး အသုံးချနိုင်စေရေး စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ပညာရှင်များသာမက အလယ်အလတ်တန်း စိုက်ပျိုးရေးပညာရှင်များနှင့် အခြေခံအဆင့် စိုက်ပျိုးရေးကျွမ်းကျင်လုပ်သားများ များစွာမွေးထုတ်ပေးရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်ပေးသည့် ယခင်စိုက်ပျိုးရေး သိပ္ပံကျောင်းများအပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးဘာသာရပ် သင်ကြားပေးသည့် အထက်တန်းကျောင်း ၈၅ ကျောင်းကိုလည်း နိုင်ငံတစ်ဝန်း ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးရေးသိပ္ပံကျောင်းများနှင့် စိုက်ပျိုးရေးဘာသာရပ်သင်ကြားပေးသည့် အထက်တန်းကျောင်းများမှ ထူးချွန်စွာအောင်မြင်ကြသူများကိုလည်း သတ်မှတ်အရည်အချင်းနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး စိုက်ပျိုးရေးပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ရေး တက္ကသိုလ်က အားထုတ်ဆောင်ရွက်နေကြသည်ကို သိရှိရသည့်အတွက် ကျေနပ်အားရ ဖြစ်မိကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်၏ အရေးပါမှုကို အသိအမှတ်ပြု ချီးမြှောက်သည့်အနေဖြင့် အစိုးရအဆက်ဆက်သည် တက္ကသိုလ်၏ အထင်ကရအထိမ်းအမှတ်နှစ်များတွင် အထင်ကရအဆောက်အဦများ ဆောက်လုပ်ပြီး မှတ်တမ်းတင် ဂုဏ်ပြုခဲ့ကြကြောင်း၊ စိန်ရတုနှစ်ဖြစ်သည့် ၁၉၉၉ ခုနှစ်တွင် ဂုဏ်ကျက်သရေတင့်တယ်သည့် စိန်ရတုဓမ္မာရုံနှင့် သေသပ်လှပသည့် စိန်ရတုအစည်းအဝေးခန်းမ၊ တက္ကသိုလ်နှစ် (၉၀) ပြည့်သည့် ၂၀၁၄ ခုနှစ်တွင် ခမ်းနားထည်ဝါသည့် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကို တည်ဆောက်မှတ်တမ်းတင်ပေးခဲ့ကြောင်း၊ ယခုတက္ကသိုလ်နှစ်(၁၀၀)ပြည့် အခါသမယတွင် နိုင်ငံတကာအဆင့်မီ ရာပြည့်ခန်းမ အဆောက်အဦကြီးကို

*စာမျက်နှာ ၈ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၇ မှ*

အထင်ကရ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဂုဏ်ပြုချီးမြှင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ အလွန်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ တည်ဆောက်ပေးခဲ့သည့် အဆောက်အဦများကို တန်ဖိုးရှိစွာ အသုံးပြုနေကြဆဲဖြစ်သကဲ့သို့ ယခုဖွင့်လှစ်သည့် ရာပြည့်ခန်းမအဆောက်အဦကိုလည်း ပညာရပ်ဆိုင်ရာ အခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများအတွက် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**လက်ဆင့်ကမ်းမျှဝေပေး**

ကိုယ့်ခွန်၊ ကိုယ့်အား၊ ကိုယ့်စွမ်းပကားဖြင့် နိုင်ငံအကျိုးပြု စားရေရိက္ခာပြည့်စုံ ဖူလုံစေရေး ဆောင်ရွက်နေကြသည့် စိုက်ပျိုးရေးပညာရှင် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်များ၏ အခန်းကဏ္ဍသည် ရာပြည့်သမိုင်းတွင် မှတ်တမ်းထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ မွန်မြတ်လှပြီး အတ္တနှင့်ပရ အကျိုးနှစ်ဝကိုရစေသည့် စိုက်ပျိုးနည်းပညာရပ်များကို ပြန့်ပွားတိုးတက်စေရေး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း မျှဝေပေးပြီး အနာဂတ်စိုက်ပျိုးရေးကဏ္ဍ အောင်မြင်တိုးတက်စေရန် စွမ်းစွမ်းတမံ ဆက်လက်လုပ်ဆောင်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပြင် အခြားသောဌာနနှင့် နယ်ပယ်အသီးသီးတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ထမ်းရွက်ခဲ့ကြသည့် ပညာရှင်များကို ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် တာဝန်ထမ်းဆောင်နေဆဲပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် စိုက်ပျိုးရေးအကျိုးကို ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအကျိုး ဆတက်ထမ်းပိုးလုပ်ဆောင်နိုင်ကြရန်လည်း ဆန္ဒပြုအပ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ဆက်လက်၍လည်း တက္ကသိုလ်ကြီး၏ ရည်မှန်းချက် တာဝန်ဖြစ်သည့် စားရေရိက္ခာ ထုတ်လုပ်မှုနည်းပညာများကို စိုက်ပျိုးထုတ်လုပ်သူများအကျိုး၊ တိုင်းပြည်အကျိုး၊ သဘာဝပတ်ဝန်းကျင်တည်တံ့စေရေးအကျိုးတို့ကို ရည်သန်ပြီး ရှေ့ဆောင်လမ်းပြလုပ်ဆောင်နိုင်ကြစေရန်၊ နိုင်ငံတွင်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာနှင့် လူသားအရင်းအမြစ်ဆိုင်ရာ အခြေခံကောင်းများ၏ အားသာချက်ကိုသိရှိပြီး ထိထိရောက်ရောက် အသုံးချနိုင်သကဲ့သို့ အားနည်းချက်များကို သတိပြုမိပြီး ပညာရှင်များ ပီသစွာ ပြုပြင်ဖြည့်စွမ်းပေးနိုင်ကြရန်လိုကြောင်း။

**"စိုက်ပျိုးပညာ၊ ပြည်ရွာဖွံ့ဖြိုး"** ဟူသည့် တက္ကသိုလ်ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်ပြည်ရွာအကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်မည့် ထူးချွန်သည့် စိုက်ပျိုးရေး ပညာရှင်များမွေးထုတ်နိုင်ရေးကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်းနှင့် စိုက်ပျိုးရေးတက္ကသိုလ်ကြီး ရာပြည့်နှစ်အချိန်ကာလမှသည် ကမ္ဘာတည်သရွေ့ ဆက်လက်အဓွန့်ရှည်တည်တံ့စေရေး ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထွက်ကောင်း အောင်နိုင်တိုးစပါး Yezin Super Rice (YSR–1) စပါးမျိုးထုတ်လုပ်နိုင်ခဲ့မှုအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအား ဂုဏ်ပြုဆုပေးအပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တက္ကသိုလ်ရာပြည့်သဘင်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်အထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင် အထိမ်းအမှတ် ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင် အထိမ်းအမှတ် ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား သတ်မှတ်ချိန်အမီ ပြီးစီးရေး တည်ဆောက်သွားရန် မှာကြား

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသည့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ခြမ်း ကမ်းနားလမ်း ဆင်ခြေလျှော တံတားနှစ်စင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဘုန်းကြီးလမ်း တစ်လျှောက် ချဉ်းကပ်တံတား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော Consultant အဖွဲ့မှ တာဝန်ရှိသူက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး အပိုင်းလိုက်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်းလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒလဘက်ခြမ်းရှိ ပင်မတံတား ရေလယ်တာဝါတိုင် (Pylon-1) သို့ ရေယာဉ်ဖြင့် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအားလုံး သတ်မှတ်ချိန်အမီ ပြီးစီးရေး တည်ဆောက်သွားရန်တို့ကို မှာကြားသည်။

မြန်မာ - ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားသည် ခေတ်မီလှပသော ဒီဇိုင်းဖြင့် ပုံစံထုတ် တည်ဆောက်ထားပြီး မြန်မာနိုင်ငံရှိ တည်ဆောက်ပြီး တံတားများအနက် ရေလမ်းကင်းလွတ် အမြင့် အများဆုံး ကြိုးဆိုင်းတံတား တစ်စင်းဖြစ်ပြီး ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတား ဘေးပတ်ဝန်းကျင်ရှိ လူနေအိမ်များအတွက် မော်တော်ယာဉ်များ၏ ဆူညံသံများ အနှောင့်အယှက် မဖြစ်စေရေး အသံထိန်းနံရံများကို တံတားတစ်ဖက်တစ်ချက်တွင် တပ်ဆင်ထားသည့်အပြင် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေး အဆောက်အအုံတစ်ခု၊ တံတားအသုံးပြုခကောက်ခံရေးစခန်း (Toll Plaza)နှင့် တန်ပိုယာဉ်များ ထိန်းသိမ်းကြီးကြပ်ရန် Weight Bridge တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။



သတင်းစဉ်

# မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ၁၇ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ၁၇ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နဝဒေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌဒေါက်တာခင်နိုင်ဦးက Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ယာပုံ)**





ပြည်ထောင်စု စာရင်းစစ်ချုပ်က မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းကို ၂၀၀၄ ခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယခုဆိုလျှင် နှစ် ၂၀ တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အသင်းအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာရင်းပညာရပ် ဖွံ့ဖြိုးတိုးတက်မှု ရှိစေရန်နှင့် ကိုယ်ကျင့်တရားနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာစံများကို လိုက်နာမှုပိုမိုအားကောင်းစေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူမှု အစီအစဉ် (Continuous Professional Development-CPD Programme) ကို ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အသင်းသားများအနေဖြင့်လည်း မိမိတို့၏ ပညာရပ်ဆိုင်ရာ အရည်အချင်းများ ပိုမိုပြည့်ဝလာစေရေး CPD Programme များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်နှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အသင်းနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီတို့မှ သတ်မှတ်ထုတ်ပြန်သည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ၊ ကျင့်ဝတ်သိက္ခာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြပြီး အသင်းကြီးခိုင်မာအားကောင်းစွာ ရေရှည်တည်တံ့နိုင်ရေးအတွက် စာရင်းပညာရှင်များပီပီ ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသဘာပတိ ဦးကျော်ညွှန့်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝမ်းတင်က အမှာစကား ပြောကြားသည်။ ယင်းနောက် ၂၀၂၃-၂၀၂၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြား တင်ပြအတည်ပြုခြင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ခန့်အပ်ခြင်းများကို အတည်ပြုချက်ရယူခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး အစည်းအဝေးသဘာပတိ ဦးသိန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်၊ တီးတိန်မြို့တွင် ၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်၊ နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) တွင် ၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်၊ ပူတာအိုမြို့တွင် ၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်၊ မြစ်ကြီးနားမြို့တွင် ၉ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်၊ ပြင်ဦးလွင်မြို့တွင် ၁၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်၊ လွိုင်လင်မြို့တွင် ၁၀ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်၊ မိုင်းယန်းမြို့တွင် ၁၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်နှင့် ခန္တီးမြို့တွင် ၁၂ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်တို့ ဖြစ်ကြသည်။

မိုး/ဇလ

# တရားမဝင်ကုန်သွယ်မှုမှ တရားဝင်ကုန်သွယ်မှုဆီသို့

**ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်နှင့်တိရစ္ဆာန်များအား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၆၄/၂၀၂၀) ဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။**

အလင်းရောင်(ဘာသန်း)

ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင်ပါရှိသည့်အတိုင်း **တင်သွင်းခြင်း**အနေဖြင့် ကုန်ပစ္စည်းတစ်မျိုးမျိုးကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံတော်အတွင်းသို့ သယ်ဆောင်လာခြင်း၊ **တင်ပို့ခြင်း**အနေဖြင့် ကုန်ပစ္စည်းတစ်မျိုးမျိုးကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် အခြားနိုင်ငံတစ်ခုခုသို့ သယ်ဆောင်သွားခြင်း၊ **ပိတ်ပင်တားမြစ်ကုန်ပစ္စည်း**အနေဖြင့် တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း သို့မဟုတ် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်း မပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ပိတ်ပင်တားမြစ်သည့်ကုန်ပစ္စည်း ဖြစ်သည်။

**ကန့်သတ်ကုန်ပစ္စည်း**အနေဖြင့် တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းမပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ကန့်သတ်ထားသည့်ကုန်ပစ္စည်း၊ **အကောက်ခွန်မဲ့ ကုန်ပစ္စည်း**အနေဖြင့် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းများမှအပ ကုန်ပစ္စည်းများ သယ်ဆောင်လာသည့်အချိန်တွင် အကောက်ခွန်ဦးစီးဌာနမှသတ်မှတ်ထားသည့် တရားဝင်ခွင့်ပြုချက် အထောက်အထားများကို တစ်ပါတည်း တင်ပြနိုင်ခြင်းမရှိသော တင်ပို့ သို့မဟုတ် တင်သွင်းလာသည့် ကုန်ပစ္စည်း၊ **ယာဉ်**အနေဖြင့် ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို သယ်ဆောင်သော မည်သည့်ယာဉ်ကိုမဆို ဆိုလိုခြင်းနှင့် **တိရစ္ဆာန်**အနေဖြင့် ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုသော တိရစ္ဆာန်များဖြစ်သည်။


တရားမဝင်ကုန်သွယ်မှုမှ သိမ်းဆည်းရမိသည့် တိရစ္ဆာန်များ။

ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းပြုရာ၌ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇(၈) နှင့် ကုန်လမ်းအကောက်ခွန်ဥပဒေပုဒ်မ ၇(၁) တို့အရ အဆိုပါကုန်ပစ္စည်းများသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည့်အပြင် ယင်းကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်များနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုအနေဖြင့် သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဖြစ်လျှင် တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသည်။

သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်ပြီး ယာဉ်ကို အသုံးပြု၍သော်လည်းကောင်း၊ တိရစ္ဆာန်ကို အသုံးပြု၍သော်လည်းကောင်း တိရစ္ဆာန်၏ ချပ်ဝတ်တန်ဆာအတွင်း သို့ဝှက်၍ သော်လည်းကောင်း သယ်ဆောင်လာခြင်းအား ပိုင်ရှင်ကသိရှိသည်ဖြစ်စေ၊ မသိရှိသည်ဖြစ်စေ ကုန်ပစ္စည်း၏တန်ဖိုး မည်မျှပင်ရှိစေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသည်။

သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်လျှင် တန်ဖိုးမည်မျှပင်ဖြစ်စေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်သော်လည်း ပိုင်ရှင်ဖြစ်သူမှ ရွေးယူဒဏ်ငွေဖြင့် ရွေးယူလိုကြောင်း လျှောက်ထားလာပါက ရွေးယူဒဏ်ငွေ သတ်မှတ်ရေးအတွက်ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးကို သတ်မှတ်ရာတွင် သက်ဆိုင်ရာနယ်မြေရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးအပါအဝင် အနည်းဆုံး လေးဦးဖြင့် ဖွဲ့စည်းမှုအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အကောက်ခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံ ညွှန်ကြားရေးမှူးထံ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းထားသော တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ ယာဉ် သို့မဟုတ် တိရစ္ဆာန်တန်ဖိုးကို စိစစ်သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

> **❝သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်ပြီး ယာဉ်ကို အသုံးပြု၍သော်လည်းကောင်း၊ တိရစ္ဆာန်ကို အသုံးပြု၍သော်လည်းကောင်း တိရစ္ဆာန်၏ ချပ်ဝတ်တန်ဆာအတွင်း သို့ဝှက်၍သော်လည်းကောင်း သယ်ဆောင်လာခြင်းအား ပိုင်ရှင်ကသိရှိသည်ဖြစ်စေ၊ မသိရှိသည်ဖြစ်စေ ကုန်ပစ္စည်း၏တန်ဖိုး မည်မျှပင်ရှိစေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက် ဥပဒေ ပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်❞**

သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးအတိုင်း သို့မဟုတ် တန်ဖိုးထက် ကျော်လွန်ပါက ယာဉ် သို့မဟုတ် တိရစ္ဆာန်တန်ဖိုး၏ တစ်ဆ၊ သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးထက် လျော့နည်းပါက သိမ်းဆည်းရမိသည့် ကုန်ပစ္စည်းစည်းကြပ်တန်ဖိုး၏ တစ်ဆ ရွေးယူဒဏ်ငွေ တပ်ရိုက်၍ ရွေးယူခွင့်ပြုမည်ဖြစ်ပါသည်။ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်သည် တရားမဝင်တင်သွင်းထားသည့် ယာဉ်ဖြစ်ပါက ၎င်းယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပေသည်။

> ❖ **သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးအတိုင်း သို့မဟုတ် တန်ဖိုးထက် ကျော်လွန်ပါက ယာဉ် သို့မဟုတ် တိရစ္ဆာန်တန်ဖိုး၏ တစ်ဆ၊ သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးထက် လျော့နည်းပါက သိမ်းဆည်းရမိသည့် ကုန်ပစ္စည်းစည်းကြပ်တန်ဖိုး၏ တစ်ဆ ရွေးယူဒဏ်ငွေ တပ်ရိုက်၍ ရွေးယူခွင့်ပြုမည်**

ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်နှင့် တိရစ္ဆာန်များအား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်သူများက သိရှိခြင်းအားဖြင့် တရားမဝင်ကုန်သွယ်မှု ပြုလုပ်မည့်သူများ တရားဝင်ကုန်သွယ်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိပါစေကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## ဖျာပုံမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ

ဖျာပုံ ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ဖျာပုံအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဦးက စည်ပင်သာယာရေးအဖွဲ့ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းအိဝင်းက ၁၉၅၁ အလုပ်ရုံများ အက်ဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမှ ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များ၊ ကလေးသူငယ်အခွင့်အရေးများ၊ ကလေးများအလုပ်လုပ်နိုင်သည့် အသက်အရွယ်နှင့် ဥပဒေအရ သတ်မှတ်ထားသော အသက် (၁၄) နှစ်အောက် ကလေးများအား လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းခွင်တွင် ခိုင်းစေခြင်းမပြုလုပ်ကြရန် အသိပညာပေးဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။



အောင်ဝင်းနိုင်(ပြန်/ဆက်)

# ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် အဆင့်(၂)ရရှိသော ရှမ်းပြည်နယ်အားကစားသမားအဖွဲ့အား ကြိုဆို

**တောင်ကြီး ဒီဇင်ဘာ ၂၂**

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲ၌ အဆင့်(၂)ရရှိခဲ့သော ရှမ်းပြည်နယ်အားကစားသမားအဖွဲ့အား ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲက အေးသာယာမြို့ ရှမ်းပြည်နယ်မှကြိုဆိုပါ၏ အဝင်မုခ်ဦးရှေ့နှင့် တောင်ကြီးပညာရေးဒီဂရီကောလိပ်ရှေ့တို့တွင် ဒေသခံပြည်သူများ၊ ဆရာ ဆရာမများက လမ်းဘေးဝဲ၊ ယာ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ကိုယ်စားပြု အားကစားသမားများသည် တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်မှစတင်၍ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံသို့ လမ်းလျှောက်ချီတက်လာရာ လမ်းဘေး ဝဲ၊ ယာရှိ ပြည်သူများနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ပန်းစည်းများဖြင့် ကြိုဆိုကြသည်။



အဆိုပါ ပဉ္စမအကြိမ်မြောက် အားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ၌ ရှမ်းပြည်နယ်ကိုယ်စားပြု အားကစားသမားများသည် ရွှေ ၂၇ ခု၊ ငွေ ၃၂ ခု၊ ကြေး ၄၁ ခုဖြင့် ဒုတိယအဆင့် ရရှိခဲ့သည်။

ထို့နောက် ပဉ္စမအကြိမ်မြောက် အားကစားပွဲတော်တွင် အောင်မြင်မှုရရှိခဲ့သော ရှမ်းပြည်နယ် ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိခဲ့သည့် အားကစားနည်းအလိုက် အားကစားသမားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြည်နယ်ကိုယ်စားပြုအားကစားအဖွဲ့များအား မြစ်ကြီးနားလေဆိပ်၌ ဂုဏ်ပြုကြိုဆို

**မြစ်ကြီးနား ဒီဇင်ဘာ ၂၂**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကိုနေပြည်တော်၌ ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပရာ ကချင်ပြည်နယ်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၃ နည်းအနက် အားကစား ၂၁ နည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြန်လည်ရောက်ရှိလာသော ပြည်နယ်ကိုယ်စားပြု အားကစားအဖွဲ့များအား ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီက မြစ်ကြီးနားလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုကြသည်။

ထိုသို့ ဂုဏ်ပြုကြိုဆိုရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားသမားများ၏ မိဘများ၊ ကျောင်းသားကျောင်းသူများက ဘင်ခရာအဖွဲ့နှင့်အတူ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိလာသော ပြည်နယ်ကိုယ်စားပြု အားကစားအသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား မောင်/မယ်များအား ဂုဏ်ပြုပန်းကုံး၊ လီဆူရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည်။

ယင်းနောက် လေဆိပ်ဧည့်ခန်းမဆောင်၌ အားကစားအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ ပြန်လည်ရောက်ရှိလာသော အားကစားအဖွဲ့များမှ အုပ်ချုပ်သူ၊ နည်းပြများက အားကစားနည်းအလိုက် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံများနှင့် ဆုတံဆိပ်ရရှိခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကချင်ပြည်နယ် အနေဖြင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၃ နည်းအနက်



အားကစားနည်း ၂၁ နည်းတွင် အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်ဦးရေ ၃၃၈ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ဆုတံဆိပ်ရရှိမှုအနေဖြင့် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ၂၂ ခု ဆုတံဆိပ် စုစုပေါင်း ၄၉ ခုကို ရရှိခဲ့ကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆင့်(၅) နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❖ *ကျော်ဖုံးမှ*

"ပြန်ဖွင့်တာမကြာသေးပေမယ့် ခရီးသွားတွေလာကြပါတယ်။ နိုင်ငံခြားသားအချို့လည်း လာရောက်လေ့လာကြပါတယ်။ ပြည်တွင်း ပြည်ပ ခရီးသွားတွေကို ဝန်ထမ်းတွေက လိုက်လံရှင်းလင်းပြသပြီး မိကျောင်းငယ်လေးတွေကို တို့ထိကိုင်ကြည့်ဖို့၊ ကုသိုလ်ဖြစ် အစာကျွေးမွေးဖို့နဲ့ လာရောက်ကြည့်ရှုသူတွေဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို နေ့စဉ်ဆောင်ရွက်ပေးနေပါတယ်။ ရုံးပိတ်ရက်မှာ ခရီးသွားပိုဝင်လေ့ရှိပြီး မနေ့က ရုရှားခရီးသွားတွေ လာရောက်လေ့လာတာတွေ့ရပါတယ်။ စခန်းမှာ မိကျောင်းသားပေါက်အရွယ်ကနေ သဘာဝရေပြင်မှာလွှတ်ထားတဲ့ ငမိုးရိပ်မိကျောင်းလို့ခေါ်တဲ့ ရေငန်မိကျောင်း Crocodylus porosus တွေရဲ့ နေထိုင်ပုံကို လာရောက်ကြည့်ရှုလေ့လာဖို့ ဖိတ်ခေါ်ပါတယ်"ဟု မိကျောင်းမွေးမြူရေးစခန်းနှင့် ရေအရည်အသွေးစစ်ဆေးရေးနှင့် ရေချိုစုသုတေသနဌာနစုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်ခိုင်မာက ပြောသည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းသို့ ပြည်တွင်းခရီးသွားများနည်းတူ ပြည်ပခရီးသွားများလည်း ဝင်ရောက်လျက်ရှိပြီး နိုင်ငံခြားခရီးသွားများအနေဖြင့် မိကျောင်းများကို အနီးကပ်ကြည့်ရှုရမှုအပေါ် အားရကျေနပ်ကြလေ့ ရှိကြောင်း၊ လာရောက်လေ့လာရာတွင် နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ နိုင်ငံသားလူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှင့် ငါးနှစ်အောက် ကလေးများကို အခမဲ့အဖြစ် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

မိကျောင်း မွေးမြူရေးစခန်းတွင် မိကျောင်းများ ရှင်သန်နေထိုင်နိုင်ရန် ရေငန်ရရှိမှုနှင့် ဥမှအကောင်ပေါက်ရန် ပြုစုပျိုးထောင်ရာတွင် လျှပ်စစ်မီးသည် အရေးပါလျက်ရှိပြီး မွေးမြူရေးကန်အမှတ်(၁)တွင် တစ်ပေမှ သုံးပေရှည်သော မိကျောင်းပေါက်များ၊ ကန်အမှတ်(၂)တွင် လေးပေမှ ခြောက်ပေရှည်သော မိကျောင်းများနှင့် ကန်အမှတ်(၃)၌ ခုနစ်ပေအထက် မိကျောင်းများကို မွေးမြူပြသထားသည်။ မိကျောင်းမတစ်ကောင်လျှင် ဥအလုံး ၂၀ မှ ၇၀ အထိ ဥချလေ့ရှိပြီး သာကေတ မိကျောင်းမွေးမြူရေးစခန်း၌ အရွယ်စုံ မိကျောင်းကောင်ရေ ၆၂ ကောင်ရှိ၍ ၂၀၂၄ ခုနှစ်တွင် သားပေါက်ကိုးကောင် တိုးပွားလာမှုဖြင့် ကောင်ရေ ၆၃၁ ကောင် မွေးမြူထားသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - ဖွဲမာန်**

❂ *ကျော်ဖုံးမှ*

၂၀၂၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ်များကြောင့် ဇန်နဝါရီလတွင် ဒဏ်ရာရရှိသူ ခုနစ်ဦးနှင့် သေဆုံးသူ လေးဦး၊ ဖေဖော်ဝါရီလတွင် ဒဏ်ရာရရှိသူ နှစ်ဦးနှင့် သေဆုံးသူ လေးဦး၊ မတ်လတွင် ဒဏ်ရာရရှိသူ ၂၂ ဦးနှင့်သေဆုံးသူ လေးဦး၊ ဧပြီလတွင် ဒဏ်ရာရရှိသူ နှစ်ဦးနှင့် သေဆုံးသူ နှစ်ဦး၊ မေလတွင် ဒဏ်ရာရရှိသူ ငါးဦးနှင့် သေဆုံးသူ လေးဦး၊ ဇွန်လတွင် ဒဏ်ရာရရှိသူ သုံးဦးနှင့် သေဆုံးသူ သုံးဦး၊ ဇူလိုင်လတွင် ဒဏ်ရာရရှိသူ ၃၂ ဦးနှင့် သေဆုံးသူ ခုနစ်ဦး၊ ဩဂုတ်လတွင် ဒဏ်ရာရရှိသူ ၁၅ ဦးနှင့် သေဆုံးသူ နှစ်ဦး၊ စက်တင်ဘာလတွင် ဒဏ်ရာရရှိသူ ရှစ်ဦးနှင့် သေဆုံးသူ နှစ်ဦး၊ အောက်တိုဘာလတွင် ဒဏ်ရာရရှိသူ ၂၆ ဦးနှင့် သေဆုံးသူ တစ်ဦး၊ နိုဝင်ဘာလတွင် ဒဏ်ရာရရှိသူ တစ်ဦးနှင့် သေဆုံးသူ တစ်ဦး၊ ဒီဇင်ဘာလအတွင်း ဒဏ်ရာရရှိသူ ၁၃ ဦးနှင့် သေဆုံးသူ နှစ်ဦးရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် လမ်းဖြတ်ကူးသူအား တိုက်မိမှု၊ စက်ဘီးစီးနင်းသူနှင့် တိုက်မိမှု၊ ယာဉ်ပေါ်မှ ပြုတ်ကျမှု၊ ဆိုင်ကယ်စီးနင်းသူနှင့် တိုက်မိမှု၊ ကိုယ်ပိုင်ယာဉ်ငယ်နှင့် တိုက်မိမှု၊ ဓာတ်တိုင်အား ဝင်တိုက်မိမှု အစရှိသဖြင့် ရှိခဲ့သည့်အနက် လမ်းဖြတ်ကူးသူအား တိုက်မိမှုကြောင့် သေဆုံးသူ ၁၂ ဦးနှင့် စက်ဘီးစီးနင်းသူနှင့် တိုက်မိမှုကြောင့် သေဆုံးသူ ၁၀ ဦးအထိ အများဆုံးရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၂၄ ခုနှစ်အတွင်း ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မှတ်သားဖမ်းဆီးမှု ၅၁၄၈၆ မှုရှိခဲ့ပြီး Yangon Bus Operator (YBO)မှ ပေးပို့လာသည့် အမှုပေါင်း ၅၃၁၈ မှုရှိခဲ့ကြောင်းလည်း YRTC မှ သိရသည်။

YBS ယာဉ်လိုင်းများအလိုက် ယာဉ်မတော်တဆမှုနှင့် သေဆုံး၊ ဒဏ်ရာရရှိသူအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၅၅ ခုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၆၆ ဦးနှင့် သေဆုံးသူ ၂၃ဦး၊ ၂၀၂၂ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၈၈ ခုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၉၃ ဦးနှင့် သေဆုံးသူ ၃၈ ဦး၊ ၂၀၂၃ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၇၈ ခုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၁၁၇ ဦးနှင့် သေဆုံးသူ ၃၅ ဦး၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ ၁၅ ရက်အထိ ယာဉ်မတော်တဆမှု ၇၀ ခုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၁၃၆ ဦး သေဆုံးသူ ၃၆ ဦး ရှိခဲ့ကြောင်းလည်း သိရသည်။

**MT**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒီဇင်ဘာ ၂၁ ရက်က ပဲခူးမြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သိန္နီတံခါးပေါက်အနီးရှိ ဟံသာဝတီမြို့ရိုး တံခါးပေါက် ပြန်လည်ဖော်ထုတ်ထားရှိမှုနှင့် မြေယာအလှူရှင်း၊ ကျုံးပတ်လမ်းဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အများပြည်သူများ အပန်းဖြေရင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် တွေ့မြင်ခံစားသိရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်၍ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် လိုအပ်သည့်နေရာတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟံသာဝတီရှေးဟောင်းမြို့ရိုးနှင့် တောင်ငူတံခါးပေါက် ပြန်လည်ဖော်ထုတ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့ရိုးအုတ်စီအုတ်သားများ ပျက်စီးမှုမရှိစေရေး စနစ်တကျဖော်ထုတ်သွားရန်၊ တူးဖော်ရရှိသည့် ရှေးဟောင်းပစ္စည်းများအား ပစ္စည်းအမျိုးအစားအလိုက် စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းထားရှိရန် မှာကြားပြီး ပဲခူးမြို့၌ ရှေးဟောင်းသမိုင်းဝင်လိပ်ပြာကန်အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဘက်စုံပြန်လည်အဆင့်မြှင့်တင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အစဉ်လှပစေရေး ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကန်ပတ်လမ်းအား တိုးချဲ့ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် မဲခုန်ကျေးရွာ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဘုရင့်နောင်မင်းတရားကြီး စီးနင်းခဲ့သည့် မြင်း ၁၆ ကောင်ဆွဲ လှည်းယဉ်တော်ကြီးအား မူလပုံစံ၊ အရွယ်အစားအတိုင်း တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး ရှေးမူလက်ရာအတိုင်း ဆောက်လုပ်ရာတွင် သမိုင်းဆိုင်ရာ အချက်အလက်မှန်များ ကိုးကားဆောင်ရွက်ရန် သမိုင်းပညာရှင်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၁၇ ရက်မှစ၍ ပဲခူးမြို့ မြို့မဈေးကြီး သီရိဥဿာဈေးရုံကြီးရှေ့၌ ဒေသတွင်းကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများ အသား၊ ငါး၊ ဥ ဈေးနှုန်းသက်သာစွာ နေ့စဉ်ဝယ်ယူစားသုံးနိုင်ရေး ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး အခြေခံစားသုံးကုန်များ ပြတ်လပ်မှုမရှိစေရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့အခြေခံကင်းထောက်သင်တန်းဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းဆင့် (Grade-12)သင်ကြားမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့်အခြေခံကင်းထောက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က ဘားအံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံတော်မှ အားထားရမည့် ကြီးမားသည့် အင်အားစု တစ်ရပ်ဖြစ်သော ကျောင်းသား ကျောင်းသူလူငယ်များကို အစဉ်သင့်ဆိုသည့် ကင်းထောက်ဆောင်ပုဒ်နှင့်အညီ မည်သည့်အရေးပေါ်ကိစ္စတာဝန်ကိုမဆို ဖြတ်ထိုးဉာဏ်ဖြင့် လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်တတ်စေရန်၊ မိဘ၊ ဆရာ၊ ခေါင်းဆောင်တို့၏ အမိန့်ကို လိုက်နာတတ်စေရန်တို့အတွက် ဝိုင်းဝန်းပြုစု ပျိုးထောင်ရင်း ကင်းထောက် လုပ်ငန်းများ အောင်မြင်အောင် တာဝန်ရှိသူအပေါင်းမှ ကိုယ်စီပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကင်းထောက်သင်တန်းအတွက် ငွေကျပ် ၁၉၄၇၅၀၀၀ ကို ချီးမြှင့်ပေးအပ်ပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အခြေခံကင်းထောက်ကြီးကြပ်နည်းပြများနှင့် သင်တန်းသားသင်တန်းသူများအတွက် ကင်းထောက် လည်စည်းများကို ပေးအပ်ကာ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ကင်းထောက် သင်တန်းသားသင်တန်းသူများအတွက် ကင်းထောက် လက်စွဲစာအုပ်ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ အထက်တန်းဆင့် (Grade-12) သင်ကြားမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကို နံနက် ၁၁ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် ပညာရေးလမ်းကြောင်းတွင် ဆရာ ဆရာမများ အရည်အသွေးမြှင့်မည်ဆိုပါက မျိုးဆက်သစ်ကျောင်းသားများ၏ အနာဂတ် လှပလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏တပည့်များ ထူးချွန်အောင် သင်ကြားရေးကို အာရုံစိုက်သင်ကြားပေးသကဲ့သို့ ဗလငါးတန်ပြည့်ဝပြီး ထူးချွန်ကောင်းမွန်သော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း သင်ကြားပေးကြရန် တိုက်တွန်းပြောကြားပြီး ဆွေးနွေးပွဲ တက်ရောက်ကြသည့် ဆရာ ဆရာမများအတွက် ငွေကျပ် ၁၄၈၅၀၀၀၀ ကို ပြည်နယ်ပညာရေးမှူးထံ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းပို့ချ ဆောင်ရွက်နိုင်ရေးစီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ဆရာ ဆရာမများ ဆွေးနွေးပွဲတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အရည်အသွေးမြှင့် ဆွေးနွေးပွဲသို့ အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာဆရာမစုစုပေါင်း ၁၄၈၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်ကြာမြင့်မည်ဖြစ်ကာ အခြေခံပညာအထက်တန်းအဆင့် (Grade-12)မှ ဘာသာရပ် ကိုးခုကို ဘားအံတက္ကသိုလ်မှ ဆရာ ဆရာမ ၉၉ ဦးက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပေါင်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (အခမဲ့)ကွင်းဆင်းဆေးကုသပေးနေမှု မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပေါင် ဒီဇင်ဘာ ၂၂**

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မော်လမြိုင် ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀၀)၊ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများသည် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ(အခမဲ့)ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက ပေါင်မြို့နယ် အလှပ်ကျေးရွာရှိ သာယာကုန်းဘုန်းတော်ကြီးကျောင်းတိုက်၌ ကွင်းဆင်းကုသဆောင်ရွက်သည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အဖွဲ့သည် သာယာကုန်းဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥက္ကဝိန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားသည်။

ထို့နောက် အဆိုပါဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှု ဆေးကုသပေးခြင်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။ ကွင်းဆင်းဆေးကုသပေးရာတွင် ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုး ဦးဆောင်၍ အထူးကုဘာသာရပ်များဖြစ်သည့် ခွဲစိတ်၊ အရိုး၊ ဆေးပညာ၊ မျက်စိ၊ နားနှာခေါင်းလည်ချောင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ ဓာတ်မှန်၊ သားဖွားမီးယပ်နှင့် ကလေးအထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သက်ဆိုင်ရာ လက်ထောက်ဆရာဝန်များ၊ ပေါင်မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းညွန့်ဝင်း၊ သူနာပြုဆရာမများ



နှင့် ကျန်းမာရေးဝန်ထမ်းများက ပေါင်မြို့နယ် အလှပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျေးလက်နေပြည်သူ ၅၀၀ အား ကျန်းမာရေး စောင့်ရှောက်ကုသ ပေးခဲ့သည်။**မွန်မလေး(ပြန်/ဆက်)**

# ဟူသီတို့၏ ဒုံးကျည်လက်နက်တိုက် အမေရိကန်တို့ လေကြောင်းတိုက်ခိုက်



**ဆာနား ဒီဇင်ဘာ ၂၂**

ဟူသီများ ထိန်းချုပ်ထားသည့် ယီမင်နိုင်ငံမြို့တော် ဆာနား၌ ဒီဇင်ဘာ ၂၁ ရက် ညပိုင်းတွင် အမေရိကန်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ဟူသီများ ထိန်းချုပ်ထားသည့် အယ်မာဆီရာ့ရုပ်သံတွင် ဖော်ပြခဲ့သည်။

အက်တန်ဒေသတွင် လေကြောင်းတိုက်ခိုက်မှု ထိမှန်ခဲ့ကြောင်း အသေးစိတ်အချက်အလက်များ မသိရသေးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လေကြောင်း တိုက်ခိုက်မှုသည် မြို့တော်၏ တောင်ဘက်ပိုင်း ဟူသီအဖွဲ့ ထိန်းချုပ်ထားသော စခန်းဖြစ်သည့် အက်တန်တောင်ရှိ ဒုံးကျည်လက်နက်တိုက်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆာနားမြို့ခံများက ပြောသည်။

အက်တန်တောင်တွင် တိုက်ခိုက်ခံရပြီးနောက် ကြီးမားသည့် ပေါက်ကွဲမှုကြီးကို ကြားလိုက်ရကြောင်း မြို့ခံများကပြောသည်။

အမေရိကန် ဗဟိုကွပ်ကဲမှုအဖွဲ့က ၎င်းတို့တပ်ဖွဲ့ဝင်များသည် ဒုံးကျည်လက်နက်တိုက်များနှင့် ဟူသီများ လုပ်ဆောင်နေသည့် ကွပ်ကဲမှုထိန်းချုပ်ရေး အဆောက်အအုံကို တိကျစွာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု လူမှုကွန်ရက်မီဒီယာပေါ်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# မိုဇမ်ဘစ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၉၄ ဦးအထိ တိုးလာ

**မာပူတို ဒီဇင်ဘာ ၂၂**

မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်း၌ ပြီးခဲ့သည့်သီတင်းပတ်ကုန်က အင်အားပြင်းအပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းဖြစ်သည့် ဆိုင်ကလုန်းချီဒိုဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၉၄ ဦးအထိ တိုးလာကြောင်းနှင့် ဒဏ်ရာရရှိသူ ၇၆၈ ဦးရှိပြီဖြစ်ကြောင်း အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လျှော့ချရေးဌာန (အိုင်အင်န်ဂျီဒီ) မှ နောက်ဆုံးထုတ်ပြန်သည့် သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၁၅ ရက်က ပြင်းထန်သည့်မိုးရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုတို့နှင့်အတူ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ကာဘိုဒယ်ဂါဒို၊ နမ်ပူလာနှင့် နိုင်ယာဆာပြည်နယ်တို့၌ ဆိုးရွားစွာပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းကြောင့် မိသားစု ၁၂၃၀၀၀ မှ လူပေါင်း ၆၂၆၁၀ ထိခိုက်ခံစားခဲ့ရပြီး နေအိမ် ၁၄၀၀၀၀ ကျော်လည်း တစ်စိတ်တစ်ပိုင်းသို့မဟုတ် လုံးဝပျက်စီးခဲ့ကြောင်း၊ စာသင်ကျောင်း ၂၅၀၊ ပြည်သူ့အဆောက်အအုံ ၈၉ လုံးနှင့် ကျန်းမာရေးဌာန ၅၂ ခု ပျက်စီးခဲ့သဖြင့် အများပြည်သူအဆောက်အအုံများအပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးကယ်ဆယ်ရေးအေဂျင်စီက ပြောကြားသည်။ **ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ ဘတ်စ်ကားနှင့် ထရပ်ကားတိုက်မိမှုကြောင့် ၃၇ ဦး သေဆုံး

**ရီယိုဒီဂျနေယိုး ဒီဇင်ဘာ ၂၂**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ ဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတို့ တိုက်မိမှုဖြစ်ပွားရာ ၃၇ ဦး သေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဘရာဇီးရဲများက ပြောသည်။ မီနက်စ်ဂျီရေ့စ် ပြည်နယ် အဝေးပြေးလမ်းမတွင် ဒီဇင်ဘာ ၂၁ ရက်က မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ မတော်တဆမှုတွင် ခရီးသည် ကားတစ်စီးလည်း ပါဝင်ကြောင်း ဘတ်စ်ကားမှာ မီးလောင်သွားခဲ့ကြောင်း သိရသည်။ အနီးအနားတွင် ထိုင်ခုံများနှင့် ခရီးဆောင်အိတ်များ ပြန့်ကျဲနေပြီး မီးလောင်ထားသည့်ဘတ်စ်ကားကို ဒေသဆိုင်ရာမီးသတ်ဌာနမှ ရိုက်ကူးထားသည့် ပုံများတွင် တွေ့ရှိရသည်။




ထရပ်ကားပေါ်မှ တင်ဆောင်လာသည့် ကျောက်တုံးကြီးသည် လမ်းပေါ်သို့ပြုတ်ကျပြီး လမ်းတစ်ဖက်မှလာသည့် ဘတ်စ်ကားနှင့်တိုက်မိကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲများက ပြောသည်။

ကားတိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်မှုကြောင့် လူအများအပြား သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။ ဒဏ်ရာရရှိသူ ၁၃ ဦးမှာလည်း စိုးရိမ်ရသည့် အခြေအနေရှိကြောင်းသိရသည်။

အဆိုပါ ဘတ်စ်ကားမှာ ဆော်ပေါလိုမြို့မှ ထွက်ခွာလာပြီး အရှေ့မြောက်ပိုင်းပြည်နယ် ဘာဟီရာသို့ဦးတည်သွားနေသည့် ဘတ်စ်ကားဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်၌ ၂၀၂၄ ခုနှစ် မူးယစ်ဆေးတိုက်ဖျက်ရေး စစ်ဆင်ရေးအတွင်း လူပေါင်း ၅၇၁၂၉ ဦးကို ဖမ်းဆီး

**မနီလာ ဒီဇင်ဘာ ၂၂**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ပြုလုပ်ခဲ့သည့် မူးယစ်ဆေးတိုက်ဖျက်ရေးစစ်ဆင်ရေးတွင် အမေရိကန်ဒေါ်လာ ၃၅၂ သန်း တန်ဖိုးရှိသော တရားမဝင်မူးယစ်ဆေးဝါးများနှင့် လူပေါင်း ၅၇၁၂၉ ဦးကို ဖမ်းမိခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ (ပီအင်န်ပီ)က ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

တစ်နိုင်ငံလုံးအနှံ့ ပီအင်ပီအဖွဲ့က ပြုလုပ်ခဲ့သည့်စစ်ဆင်ရေးပေါင်း ၄၆၈၂၁ ခုရှိကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ ရွမ်မဲဖရန်စစ်စကို မာဘယ်က ပြောသည်။ ဖမ်းဆီးမိသည့် မူးယစ်ဆေးဝါးများထဲတွင် စိတ်ကြွဆေး၊ ဆေးခြောက်၊ ကိုးကင်းတို့လည်း ပါဝင်ကြောင်း ၎င်းက ဆက်ပြောသည်။

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့၏ မူးယစ်ဆေးဆန့်ကျင်ရေး လှုပ်ရှားမှုသည် မလိုအပ်ဘဲ အသက်ဆုံးရှုံးမှုမရှိဘဲ မူးယစ်ဆေးအဖွဲ့များကို ဖျက်သိမ်းနိုင်ကြောင်း သက်သေပြခဲ့သည်ဟု မာဘယ်က ပြောသည်။ **ဆင်ဟွာ**

# လစ်ဗျားနိုင်ငံ၌ ယခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၂၄၆၀ သေဆုံး

**ထရီပိုလီ ဒီဇင်ဘာ ၂၂**

လစ်ဗျားနိုင်ငံ၌ ယခုနှစ်အတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် လူပေါင်း ၂၄၆၀ သေဆုံးခဲ့ကြောင်း လစ်ဗျားပြည်ထဲရေးဝန်ကြီးဌာန၏ ယာဉ်နှင့်လိုင်စင်ဌာနမှ အကြီးအကဲဖြစ်သူ ဖိုင်ဆယ်ဘားနပ်စ်က ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။ ထရီပိုလီမြို့၏ အရှေ့ဘက် ၁၂၀ ကီလိုမီတာခန့်တွင်ရှိသည့် ခဟွန်းမြို့၌ လစ်ဗျားနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာဖိုရမ်နှင့် လမ်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ဆေးပညာပြပွဲတွင် ဘားနပ်စ်က ပြောကြားသည်။

၂၀၂၄ ခုနှစ်အတွင်း လစ်ဗျားနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူနှုန်းမှာ လူတစ်သိန်းလျှင် ၃၄ ဦးနှုန်းဖြစ်ပြီး ကမ္ဘာပေါ်တွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူနှုန်းမှာ ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အဆိုပါ ဖိုရမ်မှတစ်ဆင့် လစ်ဗျားနိုင်ငံတစ်ဝန်း ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးမှုများမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယာဉ်မတော်တဆမှုနှင့် သေဆုံးမှုနှုန်းများလျှော့နည်းစေရန် ပိုမိုတင်းကျပ်သည့် လမ်းစည်းကမ်းဥပဒေများကို ချမှတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# လူနာတင်ရဟတ်ယာဉ် ဆေးရုံနှင့်တိုက်မိ၍ ပျက်ကျမှုဖြစ်ပွား၊ လေးဦးသေဆုံး

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၂၂**

တူကီယဲနိုင်ငံ မူဂလာမြို့ အယ်ဂျီရန်ပြည်နယ်၌ ဒီဇင်ဘာ ၂၂ ရက်တွင် လေကြောင်းလူနာတင်ရဟတ်ယာဉ်တစ်စင်းမှာ ဆေးရုံအဆောက်အအုံတစ်ခုနှင့် တိုက်မိမှုဖြစ်ပွားပြီးနောက် ပျက်ကျမှုဖြစ်ပွားသဖြင့် ယာဉ်ပေါ်ပါလေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

တူကီယဲကျန်းမာရေးဝန်ကြီးဌာနက ပိုင်ဆိုင်သည့် အဆိုပါ ရဟတ်ယာဉ်မှာ ပျက်ကျမှုမဖြစ်ပွားမီ မြူနှင်းများထူထပ်စွာ ကျရောက်မှုကြောင့် အရှိန်မထိန်းနိုင်ဘဲ ပြည်နယ်ဆေးရုံအဆောက်အအုံနှင့် တိုက်မိခဲ့သည်ဟု အင်န်တီဗွီရုပ်သံက ထုတ်လွှင့်ထားကြောင်း သိရသည်။



ရဟတ်ယာဉ်ပျက်ကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

ယာဉ်ပေါ်တွင် လေယာဉ်မှူးတစ်ဦး၊ နည်းပညာဝန်ထမ်းတစ်ဦး၊ ဆရာဝန်တစ်ဦးနှင့် ကျန်းမာရေး ဝန်ထမ်းတစ်ဦးတို့ လိုက်ပါခဲ့ပြီး ပဏာမသတင်းများအရ ၎င်းတို့လေးဦးစလုံး သေဆုံးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ရဟတ်ယာဉ်မှာ ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မူဂလာမြို့အုပ်ချုပ်ရေးမှူး အိုဒရစ်အက်ခ်ဘီရစ်ခ်က ပြောကြားသည်။ **ဆင်ဟွာ**

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၂**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်က ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်၊ ခရီးသွားမြို့တော်၊ ပန်းအခြေခံစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးသည့် မြို့တော်၊ ပန်းထုတ်လုပ်ဖြန့်ဖြူးရာ ဗဟိုချက်မဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ပန်းပွဲတော်သို့ ခရီးသွားဧည့်သည်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်စေရန်၊ ဥယျာဉ်ကို လာရောက်လေ့လာလည်ပတ်ခြင်းဖြင့် သစ်တောသစ်ပင်များ၏ အရေးပါမှု၊ အကျိုးပြုမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပိုမိုသိရှိတန်ဖိုးထားတတ်လာစေရန်၊ ခရီးသွားဧည့်သည်များအနေဖြင့် ပွဲတော်အတွင်း စိတ်ကြည်နူးစွာ ပါဝင်ဆင်နွှဲနိုင်ရုံသာမက ဗဟုသုတတိုးပွားပြီး လေ့လာလည်ပတ်ရကျိုးနပ်စေရန်၊ ခရီးသွားလုပ်ငန်းကဏ္ဍကို အထောက်အကူပြုနိုင်ခြင်းဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပန်းပွဲတော်အစဉ်အလာကို ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။(အပေါ်ယာပုံ)

အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက အမျိုးသားကန်တော်ကြီးဥယျာဉ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံ သဘာဝသိပ္ပံအမျိုးသားပြတိုက် (National Museum of Nature and Science – NMNS) မှ Chief Curator ဖြစ်သူ Dr. Nobuyuki Tanaka က အပင်မျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ရုက္ခဗေဒဥယျာဉ်က အဓိကအခန်းကဏ္ဍမှ ပါဝင်နေမှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်သိပ္ပံအကယ်ဒမီ စစ်ဆောင်းပါးနား အပူပိုင်းဒေသရုက္ခဗေဒဥယျာဉ်မှ ရုက္ခဗေဒပညာရှင် ပါမောက္ခ Mr. Tang Yun Hong မှ XTBG စတင်တည်ထောင်ခဲ့ပုံနှင့် သုတေသန၊ ပညာပေးရေးနှင့် အပန်းဖြေဖျော်ဖြေရေးဆိုင်ရာ ဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံ Mae Fah Luang Foundation မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် Dr. Supatchaya Techachoochert က ချင်းရိုင်မြို့ Doi Tung ဒေသ၏ သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရုက္ခဗေဒပညာရှင်များဖြစ်သည့် စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးမြင့်အေး၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းဥက္ကဋ္ဌ ဒေါက်တာစောလွင်၊ ဟုမ္မလင်းတက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း) ဒေါက်တာသက်နိုင်ဦး၊ မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနပါမောက္ခ (ဌာနမှူး) ဒေါက်တာ ကလျာလူတို့က အမျိုးသားကန်တော်ကြီးဥယျာဉ် အောင်မြင်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ရုက္ခဗေဒပညာရပ်ဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း၊ ပွဲကောက်ရေတံခွန်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ထွန်းထွန်းလွင်က မြေယာရှုခင်းနှင့် အပန်းဖြေ ဝန်ဆောင်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးဇော်မင်းထွန်းက အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားကန်တော်ကြီးဥယျာဉ် အောင်မြင်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် နည်းလမ်းများကို “အမျိုးသားကန်တော်ကြီးဥယျာဉ် အမြဲသာယာလှပရေး၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း စိုက်ပျိုးသင့်သည့် ဈေးကွက်ဝင်ပန်းမျိုးစိတ်များ ဖော်ထုတ်ရေး၊ သုတေသနဖွံ့ဖြိုးတိုးတက်စေရေးနှင့် နည်းပညာများ တီထွင်ဆန်းသစ်ရေး” စသည့်ခေါင်းစဉ် သုံးခုဖြင့် အုပ်စု သုံးအုပ်စုဖွဲ့၍ ဆွေးနွေးအကြံပြုဖော်ထုတ်ခဲ့ကြပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်နှင့် ပန်းပွဲတော်အား လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို



**နေပြည်တော် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံ သင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄) အား ဒီဇင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ၊ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲများကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၌ ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် ဘောလုံးကွင်း၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း ကျင်းပပြုလုပ်ကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပခုက္ကူတက္ကသိုလ်၌ အထူးပြုဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ



**ပခုက္ကူ ဒီဇင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အထူးပြု ဘာသာရပ်ပေါင်းစုံ (အမျိုးသား) ဘောလုံးအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ကျောင်းသားကျောင်းသူများအနေဖြင့် ကိုယ်ကာယ ကျန်းမာကြံ့ခိုင်လာစေရန်၊ အားကစားသမားများ အချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကစားတတ်စေရန်၊ ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဆိုဌာန်လေးရပ် ရွတ်ဆိုကြပြီး ဘာသာရပ်ပေါင်းစုံ ပါဝင်သော ညွှန့်ပေါင်း(က) အသင်းနှင့် ညွှန့်ပေါင်း(ခ) အသင်းတို့ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ညွှန့်ပေါင်း(ခ)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။ **ဘာမီသာ (ပခုက္ကူ)**

# ၂၀၂၅ ခုနှစ်၊ စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် အထောက်အကူပြု သိကောင်းစရာများ

ဒေါက်တာရဲမြင့်အောင်၊ ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၅ ခုနှစ်၊ မတ်လမှာကျင်းပမယ့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာနဲ့ မေးခွန်းပုံစံတို့ပဲ ဖြစ်ပါတယ်။

Grade 12 ဓာတုဗေဒပြဋ္ဌာန်းစာအုပ်မှ အခန်း ၈ ခန်း ကို ဓာတုဗေဒဘာသာရပ်ရဲ့ ဘာသာရပ်ခွဲများဖြစ်တဲ့ Inorganic Chemistry, Physical Chemistry, Organic Chemistry နဲ့ Environmental Chemistry ဆိုပြီး အပိုင်း ၄ ပိုင်း ပါဝင်ပါတယ်။ အခန်း ၁ နဲ့ ၆ ကတော့ Inorganic Chemistry၊ အခန်း ၂၊ ၃၊ ၄ နဲ့ ၅ ကတော့ Physical Chemistry၊ အခန်း ၇ ကတော့ Environmental Chemistry ဖြစ်ပြီး အခန်း ၈ က Organic Chemistry ဖြစ်ပါတယ်။

**Chapter 1 Chemical Bonding and Intermolecular Forces** သင်ခန်းစာဟာ အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်တဲ့သင်ခန်းစာပဲ ဖြစ်တယ်။ Section အလိုက်လေ့လာမည်ဆိုလျှင်–

### 1.1 BASIC CONCEPTS TO UNDERSTAND CHEMICAL BONDING

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်ဝင်ပုံကို သေချာစွာနားလည်ရပါမည်။ Electronic configurations တွေမှာ Aufbau principle အရ electron တွေကို energy level အနည်းအများအလိုက် 1s 2s 2p 3s 3p 4s 3d 4p ----- စသည်ဖြင့် ဖြည့်ဝင်ရမှာဖြစ်ပါသည်။

**Electronic configuration of potassium**


Hydrogen ($_1H$)မှ argon ($_{18}Ar$)ထိ electronic configuration ဖော်ပြရာတွင် shell number အစဉ်တိုင်း ဖြည့်သွင်းလာရမည်ဖြစ်သည်။ သို့သော် Potassium ($_{19}K$) ၏ electronic configuration ကို ဖော်ပြပါက အပြင်ဘက်ဆုံး outer electron ကို 3*d* subshell အစား 4*s* subshell ကို အရင်ဖြည့်သွင်းရပါမည်။ energy level အရ 4*s* က 3*d* ထက် နိမ့်၍ ဖြစ်ပါသည်။ (because the 4*s* is below the 3*d* in terms of its energy). Potassium ရဲ့ electronic configuration ကို $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^6\ 4s^1$ ဟု ဖော်ပြနိုင်ပါသည်။

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်ဝင်ပုံကို သေချာစွာ နားလည်ဖို့အတွက် fundamental principles and rules တွေဖြစ်တဲ့ Aufbau principle, Pauli's exclusion principle, and Hund's rule တို့ကိုနားလည်ရမှာဖြစ်ပါတယ်။

### 1.2 IONIC BONDING

Metal နှင့် non–metal atoms နှစ်ခုအကြား electronegativity difference (>1.8) ပေါ်မူတည်ပြီး ionic bonding ဖြစ်နိုင်သည်။ Ionic bonding ဖြစ်ပေါ်ပုံကို Lewis symbols ဖြင့် ရေးဆွဲလေ့လာနိုင်သည်။

ဥပမာ NaCl နှင့် MgO မှာဆိုရင် $Mg^{2+}$ နှင့် $O^{2-}$ အကြား ဆွဲအားသည် $Na^+$ နှင့် $Cl^-$ အကြား ဆွဲအားထက် ပိုကောင်းသည်။ anions တွေတူညီနေလျှင် ကျန် cations တွေ၏ အရွယ်အစားနှင့် နှိုင်းယှဉ်နိုင်သည်။ size ငယ်လေလေ ဆွဲအားများလေလေဖြစ်သည်။ ဥပမာ NaCl နှင့် KCl မှာဆိုလျှင် anion ($Cl^-$) အတူတူဖြစ်၍ Na နှင့် K မှာ size ငယ်သော NaCl က ပိုပြီးဆွဲအားကောင်းသည်။




### 1.3 COVALENT BONDING

Covalent bonding ဖြစ်ပေါ်တဲ့နေရာမှာ atoms တွေရဲ့ outermost orbitals တွေ overlap ဖြစ်သွားပြီး bonding atoms တွေရဲ့ unpaired valence electrons တွေကို ဝေမျှသုံးကြသည်။ Paired valence electrons တွေကတော့ bonding မှာ ပါဝင်မှုမရှိပေ။ Coordinate bond (သို့) dative bond မှာ ဝေမျှသုံးမယ့် electron နှစ်လုံးကို ပေါင်းစပ်မယ့် atom နှစ်ခုအနက် atom တစ်ခုက ပေးခြင်းဖြစ်သည်။

**Drawing Lewis structures**






အဓိကသတိပြုရမှာကတော့ Lewis structure မှာ unshared paired electrons တွေကို ဖြည့်တဲ့အခါ molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ ($H_2$ ကတော့ 2 electrons ပဲ share လုပ်ပါမည်။)

**Valence Shell Electron Pair Repulsion (VSEPR) theory**

VSEPR သီအိုရီ အရ shape ကို ခန့်မှန်းဖို့အတွက် –

1. molecule ရဲ့ Lewis's structure ကို ဆွဲပါ။
2. Central atom ကို ဝန်းရံနေတဲ့ electron pair ကို ရေတွက်ပါ။
3. Electron pair ရဲ့ geometry ကို ရှာဖွေပါ။
4. နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းနိုင်မှာ ဖြစ်ပါသည်။

**Table 1** Geometry of Electron Pairs and Molecular Shapes of Different Types of Molecules

| Type | Number of bonding pairs and lone pairs around the central atom | Geometry of electron pairs | Molecular shape | Example |
|---|---|---|---|---|
| $AX_2$ | 2, 0 | linear |  | $BeCl_2$, $CO_2$ |
| $AX_3$ | 3, 0 | triangular planar (trigonal planar) |  | $BF_3$ |
| $AX_2E$ | 2, 1 | triangular planar (trigonal planar) |  | $SO_2$ |
| $AX_4$ | 4, 0 | tetrahedral |  | $CH_4$, $CCl_4$ |
| $AX_3E$ | 3, 1 | tetrahedral |  | $NH_3$ |
| $AX_2E_2$ | 2, 2 | tetrahedral |  | $H_2O$ |

**Note: Symbol E represents the number of lone pairs.**

တချို့ covalent molecules တွေဟာ giant structures အဖြစ်တည်ရှိနေကြောင်း graphite နဲ့ silicon(IV) oxide တို့ရဲ့ giant structures များကိုလေ့လာပြီး သိရှိနိုင်မှာဖြစ်ပါတယ်။ Covalent molecules များဖြစ်တဲ့ HCl and $Cl_2$ molecules တွေရဲ့ covalent bond ဖြစ်ပေါ်နေတဲ့ atom နှစ်ခုအကြား electronegativity တန်ဖိုးခြားနားချက်နဲ့ bond polarity တို့ရဲ့ ဆက်သွယ်ချက်ကို သိရှိရမှာဖြစ်ပါတယ်။

### 1.4 INTERMOLECULAR FORCES

"Dipole moment" အကြောင်းနဲ့ polar covalent bond တစ်ခုမှာ dipole ရဲ့ direction ကို ညွှန်ပြတဲ့သင်္ကေတကို နားလည်သိရှိရမှာ ဖြစ်ပါတယ်။ $H_2O$ နဲ့ $CO_2$ molecules များရဲ့ bond dipoles နဲ့ dipole moments များမှတစ်ဆင့် polyatomic molecules များရဲ့ individual bond dipoles နဲ့ dipole moment of a molecule ကိုဖော်ပြနိုင်မှာ ဖြစ်ပါတယ်။

Dipole–dipole interaction နဲ့ ion–dipole interaction တို့ကို သိရှိနားလည်ထားရမှာ ဖြစ်ပါတယ်။ ဓာတ်ငွေ့ (ဥပမာ helium) atoms များအတွင်းဖြစ်ပေါ်တဲ့ London dispersion forces ဖြစ်တဲ့ induced dipole–induced dipole interaction အကြောင်းကိုလည်း နားလည်သိရှိရပါမယ်။ Hydrogen bonding ဖြစ်ပေါ်ရန် လိုအပ်ချက်များနဲ့ intermolecular hydrogen bond ဖြစ်ပေါ်ပုံကို ဥပမာများနှင့် ရှင်းလင်းဖော်ပြနိုင်ရမှာ ဖြစ်ပါတယ်။ Ion–dipole interactions ဟာ dipole–dipole interactions ထက်ပိုအားကောင်းရခြင်းမှာ ယင်းတို့ရဲ့ charge များအပေါ် မူတည်ကြောင်း ရှင်းလင်းစွာသိရှိလာမှာ ဖြစ်ပါတယ်။

### 1.5 METALLIC BONDING

Metallic bonding ဖြစ်ပေါ်ရာမှာ metal atoms တွေရဲ့ positive ions နဲ့ valence electrons တွေဟာ electron cloud (sea of electrons) ဖြစ်ပေါ်ပြီး metal atom nucleus များနဲ့ strong electrostatic attraction ရှိတဲ့အတွက် အလွန်ခိုင်မြဲကြောင်း သိရှိနိုင်မှာဖြစ်ပါတယ်။ Metallic bonding ရဲ့ strength ဟာ အချက် (၃) ချက်အပေါ်မူတည်ပြီး intermolecular forces တွေထဲမှာ ပိုမိုခိုင်မြဲတာကို သိရှိနားလည်ရမှာ ဖြစ်ပါတယ်။

**Chapter 2 Energy Changes in Chemical Reactions** မှာတော့ energy transformation နဲ့ သက်ဆိုင်တဲ့ နမူနာတွေကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ စွမ်းအင်ဆိုတာ ဖျက်ဆီးပစ်၍ မရနိုင်သလို အသစ်ဖန်တီးရယူဖို့လည်း မဖြစ်နိုင်ကြောင်း Law of conservation of energy အရ သိရှိနိုင်မှာဖြစ်ပါတယ်။ Chemical energy ဆိုတာ ဒြပ်ပစ္စည်းတွေမှာရှိနေတဲ့ chemical bond တွေမှာ သိုလှောင်ထားတဲ့ စွမ်းအင်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်အသွင်နဲ့ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပက စွမ်းအင်ထောက်ပံ့ပေးဖို့မလိုအပ်ဘဲ ဖြစ်ပေါ်နိုင်တဲ့ဓာတ်ပြုခြင်းကို spontaneous reaction လို့ခေါ်ပါတယ်။ အကယ်၍ ပြင်ပကစွမ်းအင်ထောက်ပံ့ပေးမှ ဓာတ်ပြုခြင်းဖြစ်နိုင်မယ်ဆိုရင်တော့ ဒီဓာတ်ပြုခြင်းကို non–spontaneous reaction လို့ ခေါ်ပါတယ်။ ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့ နယ်ပယ်ကို system (စနစ်) လို့ခေါ်ပြီး ၎င်းနဲ့ထိစပ်နေတဲ့အရာမှန်သမျှကို surroundings (ဝန်းကျင်)လို့ သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဘက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဘက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာ ဖြစ်ပါတယ်။ Heat of combustion, heat of formation of a compound နဲ့ heat of neutralisation တွေနဲ့ပတ်သက်တဲ့ thermochemical equation တွေကိုရေးနိုင်ရန် လိုအပ်ပါတယ်။ Enthalpy change တိုင်းတာမှုနဲ့ပတ်သက်လို့ သိထားရမှာက – အရာဝတ္ထုတစ်ခုချင်းစီရဲ့ enthalpy တန်ဖိုးကို တိုက်ရိုက်မတိုင်းတာနိုင်ပေမယ့် calorimeter ကို အသုံးပြုပြီး $\Delta T$ တန်ဖိုးကို တိုင်းတာနိုင်ပါတယ်။ အဲဒီကတစ်ဆင့် $\Delta H$ တန်ဖိုးကို တွက်ချက်နိုင်ကြောင်း သိရှိနားလည်ရမှာ ဖြစ်ပါတယ်။ Hess's Law အရ reactant မှ product သို့ တိုက်ရိုက်ပြောင်းလဲသည်ဖြစ်စေ၊ ဓာတ်ပြုအဆင့်ဆင့်မှ product သို့ ရောက်ရှိသည်ဖြစ်စေ enthalpy ပြောင်းလဲခြင်း အတူတူပင်ဖြစ်ကြောင်း သိရှိနားလည်ရန် လိုအပ်ပါတယ်။ Standard state မှာရှိနေတဲ့ ဒြပ်စင်တွေရဲ့ enthalpy formation value ကို zero အဖြစ် မှတ်ယူရပါမယ်။

Enthalpy cycle ဆိုင်ရာ ပုစ္ဆာတွေတွက်ချက်ရာမှာ enthalpy change of formation နဲ့ enthalpy change of combustion တို့မှတွက်ယူရတဲ့ပုစ္ဆာတွေကိုလည်း စေ့စပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ပုစ္ဆာတွက်ချက်ရာမှာ physical states များ၊ သက်ဆိုင်ရာ ရူပဓာတုဆိုင်ရာသင်္ကေတများနဲ့ units တွေကိုလည်း မှန်ကန်စွာရေးသားနိုင်ဖို့ စနစ်တကျ လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။ Chemical Bond တစ်ခုကို

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

ဖြတ်ဖို့ သို့မဟုတ် chemical bond တစ်ခုဖြစ်ပေါ်ဖို့ လိုအပ်တဲ့စွမ်းအင်ကို bond energy သို့မဟုတ် bond enthalpy လို့ ခေါ်ပါတယ်။ သင်္ကေတကတော့ E ဖြစ်ပါတယ်။ Bond breaking အတွက် E တန်ဖိုးကို plus နဲ့ ဖော်ပြပြီး bond making အတွက် minus နဲ့ ဖော်ပြပါတယ်။ Chemical bond တစ်ခုအတွက် ခတ်စည်းပြတ်တောက်ခြင်းနဲ့ ဖြစ်ပေါ်ခြင်းတို့အတွက် လိုအပ်တဲ့ energy ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်ဘက်ဖြစ်ကြောင်း သိရှိရန်လိုပါတယ်။

**Chapter 3 Chemical Kinetics: Rates of Reaction** မှာတော့ chemical reaction တစ်ခုမှာ reactant ကနေ product အဖြစ်ပြောင်းလဲတဲ့အခါ နှေးကွေးတဲ့ပြောင်းလဲမှုရှိသလို မြန်ဆန်တဲ့ပြောင်းလဲမှုလည်း ရှိပါတယ်။ ဒီလိုလှုပ်ရှားပြောင်းလဲမှုတွေကို အချိန်နဲ့ဆက်စပ်တွက်ချက်လိုက်ရင် နှုန်းဆိုတာရရှိလာပါမယ်။ Dynamite ပေါက်ကွဲခြင်း၊ အစားအစာများပုပ်သိုးခြင်း၊ သံချေးတက်ခြင်း၊ ကျောက်စိုင်ကျောက်သားများ တိုက်စားခံရခြင်းတွေဟာ စက္ကန့်ပိုင်းကနေ နှစ်ကာလအတန်ကြာသည်အထိ အသီးသီးခတ်ပြုဖြစ်ပွားကြတာကို တွေ့ရမှာဖြစ်ပါတယ်။

Mg နှင့် HCl ခတ်ပြုခြင်းရဲ့ reaction rate ကို reactant ဖြစ်တဲ့ magnesium ရဲ့ mass ကနေ အချိန်နဲ့ လိုက်ပြီး တွက်ချက်နိုင်သလို product အဖြစ် စုယူရရှိတဲ့ hydrogen gas ရဲ့ volume ကနေလည်း အချိန်နဲ့ လိုက်ပြီး တွက်ချက်နိုင်တာကို သိရှိနားလည်ရပါမယ်။ ရှုထောင့်အမျိုးမျိုးကနေ rate ကို တွက်ချက်နိုင်တာမို့ rate ရဲ့ units တွေဟာ mass per time, volume per time, concentration per time ဆိုပြီးအမျိုးမျိုး ဖြစ်နိုင်ပါတယ်။ Rate of reaction ကိုသင်္ချာနည်းနဲ့ဖော်ပြရာမှာ reactant ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration လျော့နည်းသွားတာဖြစ်လို့ minus sign နဲ့ ဖော်ပြရသလို product ကို အခြေခံရင် အချိန်နဲ့လိုက်ပြီး concentration များလာတာဖြစ်လို့ plus sign နဲ့ ဖော်ပြတာကို သိရှိရမှာဖြစ်ပါတယ်။ Calculation မှာ အထူးသဖြင့် minus sign ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း သိရှိနားလည်ရပါမယ်။

ခတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရန် မော်လီကျူးတွေထိတိုက်တဲ့အခါမှာ မှန်ကန်တဲ့အနေအထား (correct orientation) ဖြစ်ဖို့လိုအပ်သလို successful collision ဖြစ်ဖို့အတွက် လုံလောက်တဲ့ စွမ်းအင်ပမာဏလည်း ရှိနေဖို့ အထူးလိုအပ်ပါတယ်။ Reaction တစ်ခုဖြစ်ဖို့အတွက် reacting particles တွေ ထိတိုက်ကြရပါမယ်။ အဲဒီလို ထိတိုက်ကြတဲ့အခါ လုံလောက်တဲ့ စွမ်းအင်တွေရလာကြပြီး activated complex ဖြစ်ပေါ်လာပါတယ်။ Reactant အခြေအနေကနေ activated complex ဖြစ်တဲ့အထိ စွမ်းအင်ခြားနားချက်ကို activation energy လို့ သတ်မှတ်ပါတယ်။ အဲဒီ complex ဖြစ်နေတဲ့အဆင့်ကို transition state လို့ ခေါ်ပါတယ်။ $[H_2I_2]$ ဟာ activated complex ဖြစ်ပါတယ်။ Reactants $H_2$ နဲ့ $I_2$ တို့ ထိတိုက်တဲ့အခါ လုံလောက်တဲ့ စွမ်းအင်ရရှိခဲ့ရင် ပုံမှာပြထားတဲ့ product HI ဖြစ်ပေါ်လာနိုင်ပေမယ့် ထိတိုက်မှုကနေ လုံလောက်တဲ့စွမ်းအင် မရရှိခဲ့ရင် energy barrier ကို မကျော်နိုင်တော့ဘဲ reactant ဘက်ကို ပြန်ရောက်သွားနိုင်လို့ အဲဒီအဆင့်ဟာ reversible reaction ဆိုတာကို သတိထားရပါမယ်။

ခတ်ပြုနှုန်းအပေါ် သက်ရောက်စေနိုင်တဲ့အချက် ၆ ချက်ရှိပါတယ်။ Effect of concentration of reactants နဲ့ ပတ်သက်ပြီး zinc နဲ့ HCl ခတ်ပြုခြင်းတွင် HCl concentration ပိုများတဲ့ဘက်က ခတ်ငွေ့ပူဖောင်းထွက်ပေါ်မှုပိုများပြီး zinc အတုံးလေးက အရင်ပျော်ဝင်ပျောက်ကွယ်သွားတာကို တွေ့ရပါမယ်။

Concentration များလေ reactants တွေ ထိတိုက်ခြင်းများလေလေဖြစ်ပြီး ခတ်ပြုနှုန်းမြန်လေလေ ဆိုတာကို collision theory ကိုအခြေခံပြီး သိရှိနားလည်ရမှာဖြစ်ပါတယ်။ ပမာဏတူတဲ့ reactants တွေမှာ အရွယ်အစားငယ်လေလေ မျက်နှာပြင်ဧရိယာများပြီး ခတ်ပြုခြင်းမြန်လေလေဖြစ်တယ်။ အဲဒါကို အလူမီနီယမ် foil သို့မဟုတ် အလူမီနီယမ် powder ကို NaOH နှင့်ခတ်ပြုခြင်းတွေမှာ အလွယ်တကူ သိရှိနိုင်မှာဖြစ်ပါတယ်။

Pressure ရဲ့ သက်ရောက်မှုကိုပြောမယ်ဆိုရင် ခတ်ငွေ့များပါဝင်တဲ့ ခတ်ပြုခြင်းများနှင့်သာသက်ဆိုင်ပြီး solids, liquids နဲ့ aqueous solutions များအပေါ် သက်ရောက်မှုမရှိနိုင်တာကို သိထားရမှာဖြစ်ပါတယ်။ ဖိအားများရင် ခတ်ငွေ့ particles တွေရဲ့ ထိတွေ့မှုတွေများပြီး ခတ်ပြုနှုန်းတွေမြန်ကြောင်း သိရှိရမှာဖြစ်ပါတယ်။ Reaction rate နဲ့ temperature ဆက်စပ်မှုကိုလေ့လာရာမှာ အပူချိန်မြင့်ပေးတာဟာ heat energy တိုးလာစေပြီး အမှုန်တွေရဲ့ kinetic energy တိုးလာစေတာကို သိရှိနိုင်ပါတယ်။ အပူချိန်မြင့်လေ reacting particles တွေရဲ့ လှုပ်ရှားမှုမြန်လာပြီး အချင်းချင်းထိတိုက်မှု များလာမှာဖြစ်ပါတယ်။ ထိုအခါ လုံလောက်တဲ့စွမ်းအင်ရရှိလာပြီး rate of reaction ပိုမြန်လာတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ Activation energy ကို Boltzmann distribution curve နဲ့ လေ့လာနိုင်ပြီး အဲဒီကနေ အပူချိန်နဲ့ ခတ်ပြုနှုန်း ဆက်သွယ်ချက်ကို နားလည်သိရှိနိုင်မှာဖြစ်ပါတယ်။ Catalysts တွေမှာ ခတ်ပြုခြင်းကိုမြန်စေတဲ့ catalyst ရှိသလို နှေးစေတဲ့ catalyst လည်း ရှိပါတယ်။ Catalysts တွေဟာ physical states အမျိုးမျိုးရှိနိုင်ပြီး သက်ဆိုင်ရာ reactants နဲ့ phase တူတာရှိသလို မတူတာတွေလည်းရှိကြောင်း homogeneous catalyst နဲ့ heterogeneous catalyst တွေကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ Effect of light မှာတော့ photochemical reaction ကို နားလည်သိရှိနိုင်ပြီး အလင်းစွမ်းအင်ကြောင့် ခတ်ပြုနှုန်းကွာခြားပုံကိုလည်း collision theory အရ သိရှိနားလည်ရမှာ ဖြစ်ပါတယ်။

**Chapter 4, Chemical Equilibrium** ကို လေ့လာရာတွင် chemical reaction အများစုဟာ တစ်ဖက်သွားခတ်ပြုခြင်း (one-way process) ဖြစ်စဉ်များဖြစ်ကြပြီး တချို့ကတော့ အပြန်အလှန် ခတ်ပြုခြင်း (reversible reaction)တွေ ဖြစ်ကြပါတယ်။ အဲဒီခတ်ပြုခြင်းတွေမှာ forward နဲ့ reverse reaction တွေပါဝင်နေပြီး ယင်းဖြစ်စဉ်နှစ်ခုရဲ့ နှုန်းတွေတူညီသွားတဲ့အခါ မျှခြေ (equilibrium) အခြေကို ရောက်ရှိပါတယ်။ အဲဒီမျှခြေမှာ forward reaction နဲ့ reverse reaction တွေဟာ ရပ်တန့်ခြင်းမရှိဘဲ တူညီတဲ့နှုန်းတွေနဲ့ ဆက်လက်ဖြစ်ပွားနေလို့ dynamic equilibrium လို့ သတ်မှတ်ခေါ်ဝေါ်ပါတယ်။ Reaction တွေရဲ့ physical states တွေအရ homogeneous နဲ့ heterogeneous equilibria တွေရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။

အပူချိန်၊ ဖိအားနဲ့ ပါဝင်ကိန်းပြောင်းလဲခြင်းတွေက မျှခြေအပေါ် သက်ရောက်မှုများကို ခန့်မှန်းရာမှာ Le Chatelier's Principle ဟာ အလွန်အသုံးဝင်ပါတယ်။ Concentration effect အနေနဲ့ reaction mixture မှာပါတဲ့ reactant သို့မဟုတ် product တစ်ခုခုရဲ့ ပါဝင်ကိန်းကိုတိုးလိုက်ရင် အဆိုပါတိုးလိုက်တဲ့ concentration effect ကို အသုံးပြုပြီး ပါဝင်ကိန်းနည်းတဲ့ဘက်ကိုဦးတည်ပြီး မျှခြေအခြေအနေသစ်တစ်ခုကို ရောက်ရှိမှာဖြစ်ပါတယ်။ Pressure ရဲ့သက်ရောက်မှုကတော့ ခတ်ငွေ့ပါတဲ့ ခတ်ပြုခြင်းများနဲ့သာ သက်ဆိုင်မှာဖြစ်ပါတယ်။ ဖိအားကိုတိုးခဲ့မယ်ဆိုရင် ထုထည်ကျုံ့စေမှာဖြစ်ပြီး ထုထည်နည်းတဲ့ခတ်ပြုခြင်းကို ဦးစားပေးဖြစ်ပေါ်မှာဖြစ်ပါတယ်။ ဖိအားလျော့ခဲ့ရင် ထုထည်များတဲ့ဘက်ကို ဦးတည်စေမှာဖြစ်ပါတယ်။ Reactant နဲ့ product တွေရဲ့ ထုထည်တူညီခဲ့ရင်တော့ ဖိအားသက်ရောက်မှု မရှိနိုင်ပါဘူး။ မျှခြေအခြေအနေမှာရှိနေတဲ့ ခတ်ပြုခြင်းတစ်ခုမှာ temperature ကို တိုးလိုက်တဲ့အခါ အပူစုပ်ခတ်ပြုခြင်းကို ဦးစားပေးပြီး မျှခြေဟာပြောင်းလဲသွားပါတယ်။ အပူချိန်လျော့ရင်တော့ အပူထုတ်ခတ်ပြုခြင်းကို ဦးစားပေးဖြစ်စေကြောင်း သိရှိနားလည်ရမှာဖြစ်ပါတယ်။

Le Chatelier's Principle ကို စက်မှုလုပ်ငန်းတွေမှာ တွင်ကျယ်စွာအသုံးပြုနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ammonia နှင့် methanol production တွေမှာ အသုံးပြုတာကို လေ့လာနိုင်ပါတယ်။ Chemical equilibrium တစ်ခုရဲ့ မျှခြေကိန်းသေ $K_{eq}$ ကို molar concentration အားဖြင့် $K_c$ နှင့် gaseous equilibrium အတွက် $K_p$ စသဖြင့် ဖော်ပြနိုင်ကြောင်း သိရှိထားရမှာဖြစ်ပါတယ်။

**Chapter (5)** ကတော့ **Acid-Base Reactions** ဖြစ်ပါတယ်။ Acids and bases theories: **Arrhenius Theory** သည် $H^+$ ions နှင့် $OH^-$ ions များကို အခြေခံ၍ acid-base ကို အဓိပ္ပာယ် သတ်မှတ်ထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ Strong acid နဲ့ weak acid ရဲ့ dissociation equation ကို မှန်ကန်စွာ ရေးသားဖော်ပြတတ်ရမှာဖြစ်ပါတယ်။ **Brønsted and Lowry Theory** အရဆိုလျှင် proton သို့မဟုတ် $H^+$ ion ပေးနိုင်မှု၊ လက်ခံနိုင်မှုကိုအခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ The concept of conjugated acid-base pairs ကို သင့်တော်သောဥပမာများနှင့် ရှင်းလင်းတတ်ရန် လိုပါတယ်။ Lewis acid-base theory ကို သင့်တော်သောဥပမာနှင့်တကွ ရှင်းလင်းဖော်ပြတတ်ရမှာဖြစ်ပါတယ်။ **Lewis acid-base theory** မှာတော့ acid-base အဓိပ္ပာယ်ကို မော်လီကျူး သို့မဟုတ် ions ပေါ်ရှိ $e^-$ pair လက်ခံနိုင်မှုနှင့် ထုတ်ပေးနိုင်မှုတို့ဖြင့် အဓိပ္ပာယ်သတ်မှတ်ပေးထားပါတယ်။ သင့်တော်သော ဥပမာများနှင့် ရှင်းလင်းတင်ပြနိုင်ရမှာဖြစ်ပါတယ်။ Autoionisation of water နဲ့ acid-base property of water တို့ကို ရှင်းလင်းစွာ သိရှိထားရမှာဖြစ်ပါတယ်။

ရေမော်လီကျူး၏ acid-base ပြုမူပုံများ၊ ရေပြိုကွဲမှုဖြစ်စဉ်၊ The ionic product of water constant ($K_w$) တွက်ထုတ်ခြင်း၊ pH and pOH relationship နှင့် pH scale တို့ကိုလည်း နားလည်သိရှိရမှာဖြစ်ပါတယ်။ ထို့နောက် acid ပျော်ရည်၊ base ပျော်ရည်တို့၏ ionisation အကြောင်းကို လေ့လာမည်ဆိုပါက basicity of an acid နဲ့ acidity of a base သဘောတရားများကို ဥပမာများနှင့်တကွ ရှင်းလင်းတင်ပြနိုင်ဖို့ လိုအပ်ပါတယ်။ Acid ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ $K_a$ နှင့် acid ပြင်းအား ဆက်သွယ်မှုတို့ကိုလည်း အလွယ်တကူ နားလည်သိရှိဖို့ လိုအပ်ပါတယ်။ အလားတူ base ပြိုကွဲခြင်းကိုလည်း acid ပြိုကွဲခြင်းကဲ့သို့ လေ့လာသိရှိထားရမှာဖြစ်ပါတယ်။

ဆားအမျိုးအစား ၄ မျိုး တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာများနဲ့ အကျိုးအကြောင်းဆက်စပ် ဖြေဆိုတတ်ဖို့ လိုအပ်ပါတယ်။ Buffer ပျော်ရည်ဆိုတာက weak acid နှင့် ၎င်း၏ဆားပျော်ရည် သို့မဟုတ် weak base နှင့် ၎င်း၏ဆားပျော်ရည်တို့ပါဝင်သောပျော်ရည်အမျိုးအစားဖြစ်ပါတယ်။ ထိုပျော်ရည်များ၏ ဂုဏ်သတ္တိသည် dilution လုပ်ခြင်း၊ acid သို့မဟုတ် base အနည်းငယ်ထပ်ထည့်ခြင်းဖြင့် pH ပြောင်းလဲမှုကို ဟန့်တားနိုင်စေပါတယ်။ ၎င်းနှင့်ပတ်သက်သော တွက်ချက်မှုများ PROBLEM SOLVING ကိုလည်း ပြင်ဆင်ထားစေလိုပါတယ်။

**Chapter 6** ကတော့ **Transition Elements** တွေကို လေ့လာမှာဖြစ်ပါတယ်။ IUPAC definition အရ *d*-orbitals or subshells များတွင် e အပြည့်ဖြည့်ဝင်ထားခြင်းမရှိသော ဒြပ်စင်အက်တမ်နှင့် ခတ်ဖိုအိုင်ယွန်းများကို ကြားဆက်ဒြပ်စင်များ(transition elements) ဟု သတ်မှတ်နိုင်ပါတယ်။ Transition elements တွေကို s-block နှင့် p-block ကြားတွင် တွေ့ရှိရပြီး *d*-block elements ဟုလည်း ခေါ်ဆိုပါတယ်။ အလှည့်ကျ ဇယားတွင် transition elements များကို Series ၃ ခု ခွဲထားသည့်အနက် 1st Series ကို လေ့လာသွားမှာဖြစ်ပါတယ်။ 1st Series ($_{21}$Sc – $_{30}$Zn) တွင် transition elements ၁၀ ခု ပါဝင်ပါတယ်။ $_{21}$Sc to $_{29}$Cu သို့သွားရာတွင် ၎င်းတို့၏ nuclear charge သည် များလာပြီး atomic radii ဟာ ယေဘုယျအားဖြင့် ငယ်သွားတာကို တွေ့ရပါမယ်။ ဒါကြောင့် ionisation energy လည်း ယေဘုယျအားဖြင့် များလာပါတယ်။

Orbital တစ်ခုစီတွင် e များ ဖြည့်ဝင်ပုံမှန်ကန်စွာဖြည့်တတ်စေလိုပါတယ်။ essential electronic structures များ ရေးသားတတ်ရပါမည်၊ ခြွင်းချက်အနေနှင့် 3*d* နှင့် 4*s* orbital တို့ဟာ energy တူညီလုနီးပါးရှိတာကြောင့် $_{24}$Cr နှင့် $_{29}$Cu မှာ 3d orbital ရဲ့ ပိုမိုတည်မြဲတဲ့ electron configuration ကိုရရှိရန် 4*s* မှ e ကို ဖြည့်ဝင်ထားကြောင်း သိရှိဖို့လိုပါတယ်။ ယင်းတို့၏ သိရှိထားရမှာဖြစ်ပါတယ်။

Transition metals တွေရဲ့ physical properties ဖြစ်တဲ့ melting point နဲ့ boiling point တွေ မြင့်တက်ပြီး density လည်း များလာတာကို သိရှိနားလည်ဖို့လိုပါတယ်။ 1st series မှာရှိတဲ့ ဒြပ်စင်တွေရဲ့ variable oxidation states ရှိနေတာကိုလည်း သိရှိရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဒြပ်စင်များရဲ့ တည်မြဲတဲ့ oxidation state အပေါ်မူတည်ပြီး ယင်းတို့၏ oxidising property နှင့် reducing property တွေကို သိရှိလာမှာဖြစ်ပါတယ်။ Transition metal compounds တွေဟာ aqueous solution ထဲမှာ visible light ကို စုပ်ယူပြီး coloured compounds ဖြစ်လာခြင်းကို သက်ဆိုင်ရာ compound နဲ့ အရောင်တို့ကို တွဲဖက်လေ့လာ သိရှိထားရမှာ ဖြစ်ပါတယ်။ Transition metals တွေရဲ့ magnetic property ကိုလေ့လာနိုင်စေရန် paramagnetic, diamagnetic and ferromagnetic ဆိုပြီး (၃)မျိုး တင်ပြထားပါတယ်။ ထို (၃)မျိုးမှာ orbital တွင် e ဖြည့်ရာ၌ e စုံဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မူတည်၍ paramagnetic နဲ့ diamagnetic ကို ခွဲခြားနိုင်သလို applied magnetic field ဆွဲအားအပေါ်မူတည်၍ ferromagnetic property တို့ကိုလည်း နားလည်ထားရမှာ ဖြစ်ပါတယ်။ 1st Series 3*d* transition elements တွေဟာ စက်မှုလုပ်ငန်းများတွင် catalysts အနေနှင့် အသုံးဝင်ပုံ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုပုံနှင့် ဆေးပညာနယ်ပယ်တွင် အသုံးပြုခြင်းတွေကိုလည်း သိရှိနားလည်ဖို့ လိုအပ်ပါတယ်။

**Chapter 7 Chemistry and Green Environment** ကတော့ လူသားတွေရဲ့ တိုးတက်လာတဲ့ နည်းပညာများနဲ့ ယင်းတို့ရဲ့လုပ်ဆောင်မှုတွေဟာ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမျိုးစုံဖြစ်ပေါ်နေပြီး ကမ္ဘာ၏လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့် ယခုအခန်းမှာ carbon, nitrogen, phosphorus နှင့် sulphur တွေရဲ့ biogeochemical cycles များကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ ၎င်း cycles များအပေါ် human activities တွေရဲ့ သက်ရောက်မှုများကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ယခုတွေ့ကြုံနေရတဲ့ environmental problems တွေကိုလည်း သိရှိထားဖို့ လိုပါတယ်။

ပတ်ဝန်းကျင်မှာတွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ အမြဲစိမ်းလန်းနေသနေတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်လိုက်နာသင့်တဲ့ လေ့ကျင့်မှုတွေနဲ့ 7R's တို့ကို သေချာစွာသိရှိနားလည်ဖို့ လိုအပ်ပါတယ်။ အန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ heavy metals နဲ့ ယင်းတို့ရဲ့ဒြပ်ပေါင်းတွေဟာ လူသားတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှု ညစ်ညမ်းစေသောခတ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုတို့ကိုလည်း heavy metals (arsenic, cadmium, lead, and mercury) နှင့် ထိုသတ္တုများ၏ ဒြပ်ပေါင်းများရှုထောင့်မှ ဖော်ပြပေးထားပါတယ်။ ဒါ့အပြင် ပိုးသတ်ဆေးခတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နေမှုများ၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော အော်ဂဲနစ်ခတ်ကြွင်းများဖြစ်တဲ့ POPs နဲ့ V OCs တို့က


*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

လူသားတွေရဲ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ၎င်းတို့၏သက်ရောက်မှုများကို သိရှိနားလည်ဖို့ လိုပါတယ်။

Natural and man-made sources တွေကနေထွက်ပေါ်လာသော radiation တွေနဲ့ လူမှုပတ်ဝန်းကျင်ရှိ radioactive isotopes တွေရဲ့ အသုံးဝင်ပုံ၊ radioactive wastes and radioactivity, radioactive pollutants and pollution တွေနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် radioactive substances တွေကြောင့် ဖြစ်လာတဲ့ health problems တွေကို လေ့လာသိရှိထားဖို့ လိုပါတယ်။ Nuclear power and nuclear weapons အကြောင်းနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လေ့လာထားဖို့လိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းများကိုလည်း လေ့လာထားစေလိုပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည်များကို လျှော့ချမှု၊ ကုစားမှု နည်းလမ်းကောင်းများကိုလည်း ယနေ့ခေတ်သုတေသနပြု ဆောင်ရွက်လျက်ရှိပါတယ်။

**အခန်း (၈)** ကတော့ **Organic Compounds and Macromolecules** ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Ethanol မှ အစပြု၍ organic reactions အားလုံးအတွက် အနှစ်ချုပ်ကို ဖော်ပြပေးထားပါတယ်။




ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားနဲ့ ဖော်ပြပေးထားပါတယ်။ Functional groups ကို ခွဲခြားဆုံးဖြတ်နိုင်တဲ့ chemical test equations တွေကို ရေးသားတတ်ဖို့ လိုပါတယ်။ ဥပမာအနေနဲ့ aldehyde နဲ့ ketone တို့ကို ခွဲခြားစမ်းသပ်နိုင်တဲ့ equations များကို ဖော်ပြပေးထားပါတယ်။

Organic compounds တွေရဲ့ functional groups တွေကို ခွဲခြားနိုင်တဲ့ spectroscopic method ကို လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation ကို လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကိုလည်း သိရှိနားလည်ဖို့ လိုအပ်ပါတယ်။ Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက infrared spectroscopy ကို လေ့လာရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး IR spectroscopy ရဲ့ principle ကို နားလည်သိရှိဖို့ လိုအပ်ပါတယ်။ Molecules နဲ့ IR radiation တို့ interaction ဖြစ်တဲ့အခါ molecules က IR radiation ရဲ့ energy ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က atom နှစ်ခုကြားမှာရှိတဲ့ bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ်မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive ကိုလည်း နားလည်ရမှာဖြစ်ပါတယ်။ Molecules တွေ dipole moment changes ရှိမှသာ IR active ဖြစ်ပြီး dipole moment changes မရှိခဲ့ရင်တော့ IR inactive ဖြစ်ပါတယ်။ ဥပမာ $N_2$ molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C–H နဲ့ C=O တို့ရဲ့ absorption band တွေကို 2980 $cm^{-1}$ နဲ့ 1700 $cm^{-1}$ တို့မှာ တွေ့ရှိနိုင်ပါတယ်။ IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို အောက်ဖော်ပြပါဇယားမှာ လေ့လာသိရှိနိုင်ပါတယ်။

Table 10 Some Characteristic Infrared Absorption Bands and their Intensities

| Classes of compounds | Bond | Wavenumber ($cm^{-1}$) | Band intensity |
|---|---|---|---|
| alcohols, ethers, esters, carboxylic acids | C–O | 1050–1410 | strong |
| alkenes, aromatic compounds | C=C | 1620–1680 | medium, weak |
| amides, ketones, aldehydes, esters, carboxylic acids | C=O | 1650–1750 | strong, sharp |
| alkynes | C≡C | 2100–2260 | medium, weak |
| carboxylic acids | O–H | 2500–3300 | strong, very broad |
| aldehydes | C–H | 2720–2820 | medium, weak |
| alkanes, alkenes | C–H | 2850–3090 | strong |
| alcohols | O–H | 3200–3600 | strong |
| amines, amides | N–H | 3300–3500 | weak, median |

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 $cm^{-1}$, 2950 $cm^{-1}$ တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 $cm^{-1}$ မှာ acid OH stretching, 2950 $cm^{-1}$ မှာ CH stretching, 1700 $cm^{-1}$ မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 $cm^{-1}$ မှာ NH stretching, 2900 $cm^{-1}$ မှာ CH stretching တို့ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်း မြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များ ပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာ ဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုးပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိနားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာ ဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့ လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။ Chapter တိုင်းမှာပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာ လေ့လာထားဖို့ လိုအပ်ပါတယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံမှာ Section A နဲ့ Section B ဆိုပြီး အပိုင်း နှစ်ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/ FALSE, Fill in the blanks, Matching နဲ့ Multiple choice questions (MCQs)တို့ရှိတဲ့ထဲက ယခုနှစ်မှာ TRUE/ FALSE, Fill in the blanks နဲ့ Multiple choice questions (MCQs)တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃ အထိ တစ်မှတ်တန် မေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုး ဖြေဆိုရပါမယ်။ ကျောင်းသား ကျောင်းသူများရဲ့ ဓာတုဗေဒဘာသာရပ်ကို မည်မျှကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့်သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်းနံပါတ် ၁ က **TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင် ဖြည့်ရမည့်အဖြေမှန်ကိုသာ မှန်ကန်စွာ ရေးသားဖြေဆိုရမှာ ဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် လေးခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာ ဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရေးပေးရန် ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန်မလိုပါ။ အဖြေမှန်တစ်ခုထက် ပိုရေးမိလျှင် အမှတ်မရနိုင်ပါ။

Section B မေးခွန်းနံပါတ် ၄ မှာ ငါးမှတ်တန် **Short and medium questions** ပုဒ်ခွဲ ငါးပုဒ်ပါဝင်မှာ ဖြစ်ပါတယ်။ ပုဒ်ခွဲ ငါးပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ငါးပုဒ်ထဲက **environmental** အခန်းကို ပုဒ်ခွဲ တစ်ခုမှာ **OR** ခံမေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်း နံပါတ် ၅၊ ၆၊ ၇ မှာ ငါးမှတ်တန် **Structured, short and long questions** သုံးပုဒ်စီမေးမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅ မှာတော့ **physical chemistry** အပိုင်းကို **OR** ခံမေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၆ ၏ ပုဒ်ခွဲတစ်ပုဒ်မှာ **organic chemistry** အပိုင်းကို **OR** ခံ မေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၇ ပုဒ်ခွဲတစ်ခုသည် **inorganic chemistry** အပိုင်းကို **OR** ခံ မေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်း အမှတ် ၈၀ ဖိုး မှ အမှတ် ၇၀ ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာ မေးတဲ့ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ရှစ်ခန်းလုံးကို သေသေချာချာ ဖတ်ရှုလေ့လာထားရမှာဖြစ်ပါတယ်။

အခု Chapter တစ်ခုချင်းအလိုက် လေ့လာမှတ်သားရမယ့် အကြောင်းအရာတွေနဲ့ သတိပြုရမယ့် အချက်တွေကို အသေးစိတ်ဆွေးနွေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာမှတ်သားသင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် Chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့ လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာမေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာ ဖော်ပြရေးသားဖို့ သတိပြုရပါမယ်။ အမှတ်များများလိုချင်ရင် ယခုနှစ်အတွက် ပြဋ္ဌာန်းထားတဲ့ အခန်း ရှစ်ခန်းလုံးကို စေ့စပ်သေချာစွာ သိထားဖို့လိုပါတယ်။ ဆရာ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၂၅ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

**မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)**

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

## Grade (8) Unit (2)

၁၆ - ၁၂ - ၂၀၂၄ ရက်နေ့မှအဆက်-

Subject and object questions help us understand who or what is doing the action (subject) and who or what receives the action (object).

**1. Subject Questions**

**Definition:** In subject questions, we ask about the "doer" or subject of the action. The question word acts as the subject, so we do not need to invert the subject and verb.

**Structure:** Question word + verb + object (no auxiliary verb needed)

**Examples:** Who lives here? (**Subject = Who**)
What happened yesterday? (**Subject = What**)

**2. Object Questions**

**Definition:** In object questions, we ask about the receiver of the action. The question asks about the object, so we need an auxiliary verb to invert with the subject.

**Structure:** Question word + auxiliary verb + subject + main verb

**Examples:** Who did you meet? (**Object = Who**)
What did she buy? (**Object = What**)

**Exercises 1: Identify Subject and Object Questions**

**Determine whether each question is a subject or object question.**

1. Who called you last night?
2. What did you see at the zoo?
3. Which movie won the award?
4. Who did you talk to after class?
5. What made you laugh so hard?

**Answer Keys**

1. Subject question – Who called you last night?
2. Object question – What did you see at the zoo?
3. Subject question – Which movie won the award?
4. Object question – Who did you talk to after class?
5. Subject question – What made you laugh so hard?

**Exercises 2:**

**Rewrite Statements as Subject or Object Questions**

1. Jane painted a beautiful picture. (**Ask who painted the picture**)
2. Tom broke the window. (**Ask what Tom broke**)
3. The dog chased the cat. (**Ask what chased the cat**)
4. Sara invited Mike to the party. (**Ask who Sara invited**)
5. They discovered the new restaurant yesterday. (**Ask what they discovered**)

**Answer Keys**

1. Who painted a beautiful picture? (subject question)
2. What did Tom break? (object question)
3. What chased the cat? (subject question)
4. Who did Sara invite? (object question)
5. What did they discover yesterday? (object question)

**Exercises 3:**

**Choose the correct form (subject or object) to complete each question.**

1. .......... did you meet yesterday? (Who/What)
2. .......... called you last night? (Who/What)
3. .......... made this delicious cake? (Who/What)
4. .......... did she visit in New York? (Who/What)
5. .......... saw the accident happen? (Who/What)

**Answer Keys**

1. Who 2. Who 3. Who 4. What 5. Who

**Exercises 4:**

**Create Your Own Subject and Object Questions**

1. Alex found a lost wallet.
   Subject question: ..........................................
   Object question: ..........................................
2. Maria watched a documentary.
   Subject question: ..........................................
   Object question: ..........................................
3. The teacher assigned homework.
   Subject question: ..........................................
   Object question: ..........................................

**Answer Keys**

1. Subject question: Who found a lost wallet?
   Object question: What did Alex find?
2. Subject question: Who watched a documentary?
   Object question: What did Maria watch?
3. Subject question: Who assigned homework?
   Object question: What did the teacher assign?

## Grade (9) Unit (2)

၁၆ - ၁၂ - ၂၀၂၄ ရက်နေ့မှအဆက်-

**Use of present perfect**

1. **Example: Tom can't find his key.**

He's lost his key. (= He has lost his key = he lost it and he doesn't have it now.)

have lost / has lost is the present perfect simple:
I/we/they/you have (= I've etc.) finished/lost/done
he/she/it has (= he's etc.) finished/lost/done/been etc.

The present perfect simple is have/has + past participle. The past participle often ends in -ed (finished/decided etc.), but many verbs are irregular (lost/done/written etc.)

2. When we say 'something has happened', this is usually new information:

**Example:** Ow! **I've cut** my finger.
The road is closed. There's **been** an accident. (= There has been ...)
Police **have arrested** two men in connection with the robbery.

When we use the present perfect, there is a connection with now. The action in the past has a result now:

**Examples:** Tom has lost his key. (= he doesn't have it now)
He told me his name, but I've forgotten it. (= I can't remember it now)
Sally is still here. She hasn't gone out. (= she is here now)
I can't find my bag. Have you seen it? (= do you know where it is now?)

**Compare gone (to) and been (to):**

**Examples:**

James is on holiday. He has gone to Italy. (= he is there now or on his way there)
Amy is back home now. She has been to Italy. (= she has now come back)

3. You can use the present perfect with just, already and yet.

Just = a short time ago:
'Are you hungry?' 'No, I've just had lunch.'
Hello. Have you just arrived?

Already = sooner than expected:
'Don't forget to pay the bill.' 'I've already paid it.'
'What time is Mark leaving?' 'He's already left.'

Yet = until now. We use yet to show that we are expecting something to happen.

We use **yet** in questions and negative sentences:
Has it stopped raining yet?
I've written the email, but I haven't sent it yet.

4. We say 'It's the (first) time something has happened'.

**For example:** Don is having a driving lesson. It's his first lesson.

**We can say:** It's the first time he has driven a car. (not drives) or He hasn't driven a car before. or He has never driven a car before.

(အောက်ဖော်ပြပါစကားလုံးများပါလျှင် **Present Perfect Tense** ထည့်ရမည်။)

| | |
|---|---|
| almost | .......... လုနီးပါး |
| just | အခုလေးတင် |
| already | .......... နှင့်ပြီး |
| just now | အခုပဲ |
| ever | အမြဲ |
| never | ဘယ်တော့မှ မ ......... ဖူး |
| so far | အခုအချိန်ထိ |
| for (period of time) | ....... (နာရီ/ မိနစ်/ လ/ ရက်/ နှစ်) ကြာ |
| for ages/ a long time | တော်တော်ကြာ |
| since | .......... ကတည်းက |
| yet | မ .......... သေးဘူး (အငြင်းဝါကျ) |
| recently | မကြာသေးမီက |
| up to now | အခုချိန်ထိ |
| several/many/two/ three times | ကြိမ်ဖန်များစွာ နှစ်ကြိမ်၊ သုံးကြိမ် |

**Exercise**

**Complete the sentences using the present perfect.**

1. Sally is still here. She (she / not / go) out.
2. I can't find my bag. (you / see / it) anywhere?
3. I can't log on to the website. (I / forget) my password.
4. I sent Joe an email this morning, but (he / not / reply).
5. Is the meeting still going on, or (it / finish)?
6. (the weather / change). It's colder now.

**Answer Keys**

1. has not gone 2. Have you seen
3. have forgotten 4. has not replied
5. has it finished 6. The weather has changed

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

## မန္တလေးမြို့မှ ပန်းချီချစ်သူများအတွက် Charity Art Show ခေါင်းစဉ်ဖြင့် အနုပညာမြောက်လက်ရာပန်းချီကားများ ပြသ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးမြို့မှ ပန်းချီချစ်သူများအတွက် Charity Art Show ခေါင်းစဉ်ဖြင့် အနုပညာမြောက်လက်ရာပန်းချီကားများ ပြသရောင်းချပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ရှိ Mingalar Mandalay Hotel ၌ ကျင်းပသည်။

အဆိုပါ ပန်းချီပြပွဲကို Myanmar Art Centre နှင့် Mingalar Mandalay Hotel တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် ပန်းချီလက်တွေ့ရေးဆွဲခြင်းအစီအစဉ်များ၊ မြန်မာမှုထုတ်ကုန်များကို ချည်ထည်များအပေါ်တွင် ပန်းချီရေးဆွဲမှုအကြောင်းအရာများကို ရှင်းလင်းပြောကြားခြင်းအစီအစဉ်များ ပါဝင်ပြီး ပြပွဲတွင် ရောင်းချရရှိသည့် ငွေအချို့အား မန္တလေးမြို့ရှိ ပရဟိတအသင်းအဖွဲ့များသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း Myanmar Art centre မှ Managing Director မသက်က ပြောသည်။



"ပြပွဲမှာ ပန်းချီဆရာပေါင်း ၄၀ ပါဝင်ပြီး ပန်းချီကားပေါင်း ၁၀၀ ကျော် ပြသရောင်းချပေးသွားမှာဖြစ်ပါတယ်။ ပန်းချီကားတွေရဲ့ ဈေးနှုန်းကတော့ အနည်းဆုံး ငွေကျပ် နှစ်သိန်းကနေ ကျပ်သိန်း ၂၀၀ အထိ ပါဝင်ပါတယ်။ ပြပွဲကို ဒီဇင်ဘာ ၂၁ ရက်ကနေ ဒီဇင်ဘာ ၂၂ ရက်အထိ ပြသရောင်းချပေးပါတယ်။ အဓိကကတော့ မန္တလေးမြို့မှာရှိတဲ့ ပန်းချီဆရာတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ခင်မင်ရင်းနှီးချင်တဲ့ ရည်ရွယ်ချက်နဲ့လည်း ပြပွဲကို လုပ်ဖြစ်တာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ပန်းချီပညာရှင် ဦးစိုးဝင်းအောင်ကလည်း "ကျွန်တော့်အနေနဲ့ ဒီနေ့ပြပွဲမှာ ပန်းချီလှုပ်ရှားမှုအနေနဲ့ လက်တွေ့လာရောက်ရေးဆွဲပေးခြင်းဖြစ်ပါတယ်။ ပြပွဲကို ပန်းချီပညာရှင်တွေ၊ ပညာရှင်တွေရဲ့ သားသမီးတွေ၊ ပန်းချီပညာကျောင်းတွေက ကျောင်းသား ကျောင်းသူတွေ စိတ်ဝင်တစား လာရောက်လေ့လာကြတာကို တွေ့ရတဲ့အတွက် အကျိုးရှိတဲ့ ပြပွဲတစ်ခုလည်းဖြစ်ပါတယ်" ဟု ပြောသည်။

ယခုကဲ့သို့ ပန်းချီပြပွဲများ ကျင်းပပေးခြင်းဖြင့် ယခင်ပန်းချီပညာရှင်ကြီးများ၏ လက်ရာမြောက်လက်ရာများကို မျိုးဆက်သစ် ပန်းချီဝါသနာရှင်များ လေ့လာခွင့်ရမည့်အပြင် ပန်းချီနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ တိုးတက်ရရှိစေကာ ထူးချွန်သည့် ပန်းချီပညာရှင်များ ပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ တောင်တန်းမြေပြန့်မခွဲခြားဘဲ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဟိုပုံးမြို့နယ် ပုံးအယ်လမ်းခွဲမှ နမ့်ပေါ်ချော-ဟိုနား-နောင်မိုင်းပွန်-နားလော-လီမော လမ်းခွဲအထိ ၁၅ မိုင် အနက် ၅ မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းနှင့် ငါးပေ Box Culvert ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၃၂၉ ဒသမ ၄၇၆ သန်းဖြင့် ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၆၉ မိုင် ၄ ဖာလုံ၊ အာမခံလမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၂၁ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၈ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်လမ်း ၃ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်တံတား ငါးစင်း၊ Box Culvert ၁၂၄ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း နှစ်ခု၊ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း တစ်တွင်း၊ သာသနာရေးလုပ်ငန်း ခြောက်ခု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းငါးခု၊ ဆိုလာ ၉၄ စုံနှင့် ဦးစီးဌာနလုပ်ငန်း ခြောက်ခုတို့ကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၁၁၃၉ ဒသမ ၉၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဆီနေကြာစိုက်ပျိုးထားရှိမှုများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ပင်းတယ ဒီဇင်ဘာ ၂၂**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းပလက်ကျေးရွာ အင်းပလက် စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်း၊ တမဲကျေးရွာ နေရောင်ဦးလယ်ယာနှင့် အထွေထွေသမဝါယမအသင်း၊ ပွေးလှကျေးရွာ ပွင့်လန်းစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းနှင့် ကျုံးကျေးရွာ ရောင်ခြည်ဦး စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းများ၏ သမဝါယမ အသင်းသားပိုင်လယ်ယာမြေများတွင် ရေဆင်း(၁) စပ်မျိုး ဆီနေကြာစိုက်ပျိုးထားရှိမှုများအား ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ သီးနှံအထွက်တိုးစေရေးဆောင်ရွက်ရန်နှင့် လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ ဆက်လက်၍ ညောင်ရွှေမြို့နယ် ရွှေခေါင်တိုင် လယ်ယာနှင့်အထွေထွေသမဝါယမအသင်းသားပိုင် နေကြာစိုက်ခင်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သာယာဝတီခရိုင်အတွင်းဆောင်ရွက်နေသော လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဒီဇင်ဘာ ၂၂**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ဒီဇင်ဘာ ၂၀ ရက်က တာဝန်ရှိသူများနှင့်အတူ ကျေးလက်လမ်းဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသည့် သာယာဝတီခရိုင်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ရေးလုပ်ငန်းခွင်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်အဖွဲ့သည် အုတ်ဖိုမြို့နယ်သို့ သွားရောက်ပြီး ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကိုလည်းကောင်း၊ ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်များတွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတည်ဆောက်ရေးလုပ်ငန်းခွင်များသို့လည်းကောင်း သွားရောက်စစ်ဆေးပြီး အင်ဂျင်နီယာချုပ် ဦးထွန်းဝေက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ လုပ်ငန်းအရည်အသွေး ကြီးကြပ်ရေးအဖွဲ့များအား လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သက်ထက်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

## ပျော်ဘွယ်မြို့နယ်၌ မတ်ပဲနှင့် မိုးဝါစိုက်ပျိုးထားမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ပျော်ဘွယ် ဒီဇင်ဘာ ၂၂**

ပျော်ဘွယ်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မတ်ပဲနှင့် မိုးဝါစိုက်ပျိုးထားမှုအား မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ရန်အောင်ကျေးရွာသို့ ရောက်ရှိပြီး အသင်းသားတောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးထားမှုကို ကြည့်ရှုသည်။

မတ်ပဲစိုက်ပျိုးထားမှုနှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ သဘာဝမြေဩဇာများ ထည့်သွင်းအသုံးပြုရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး မတ်ပဲစိုက်ပျိုးထားမှုအား ကြည့်ရှုအားပေးသည်။

**သွင်းအားစုများ ပေးအပ်**

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဖက်တောကျေးရွာ မိုးဝါစိုက်ပျိုးထားသည့် အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန် သွင်းအားစုများ ပေးအပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မိုးဝါစိုက်ပျိုးမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



# တိုက်စစ်ကစားသမား ဂျေဇူး၏ သွင်းဂိုးများနှင့်အတူ အာဆင်နယ်က ခရစ္စတယ်ပဲလေ့စ်ကို ဂိုးပြတ်အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၁၇) မှ ဒီဇင်ဘာ ၂၂ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ခရစ္စတယ်ပဲလေ့စ်နှင့် အာဆင်နယ်အသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်း တိုက်စစ်ကစားသမား ဂျေဇူး အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုး ရယူနိုင်ခဲ့သည်။

အာဆင်နယ်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့သည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းကလည်း အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် တွေ့ဆုံထားပြီး အာဆင်နယ်အသင်းက တိုက်စစ်ကစားသမား ဂျေဇူး၏ ဟက်ထရစ်နှင့်အတူ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ရှုံးကြွေးပြန်ဆပ်ရန် ခြေကုန်ထုတ်လာသော ခရစ္စတယ်ပဲလေ့စ်အသင်းသည် အာဆင်နယ်အသင်းကို ခြေရည်တူကစားကာ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများနှင့်အတူ အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သည်။ သို့သော်လည်း ရရှိလာသည့်အခွင့်အရေးများကို အသင်းကစားသမားများ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိခဲ့ပေ။

အာဆင်နယ်အသင်းက တိကျသေချာသည့် အဆုံးသတ်များနှင့်အတူ ခရစ္စတယ်ပဲလေ့စ်အသင်းကို ထပ်မံအနိုင်ယူကာ ဦးဆောင်သူ လီဗာပူးကို ထပ်ကြပ်မကွာ ဖိအားပေးနိုင်ခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးကို ဆားက သွင်းယူပေးပြီး အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဂျေဇူး၊ ဟာဗက်ဇ်၊ မာတင်နယ်လီနှင့် ရိုက်စ်တို့က သွင်းယူပေးခဲ့သည်။

လာမည့်ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အာဆင်နယ်အသင်းက အစ်ဆွစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အစောပိုင်းယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်ရလဒ်များတွင် အက်စ်တွန်ဗီလာက မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုး၊ နော်တင်ဟမ်ဖောရက်စ်က ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က အစ်ဆွစ်ကို လေးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ဝက်စ်ဟမ်းနှင့် ဘရိုက်တန်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အောင်ဇော်



အာဆင်နယ်အသင်းမှ တိုက်စစ်မှူး ဂျေဇူး ခရစ္စတယ်ပဲလေ့စ်အသင်းဘက်သို့ ဂိုးသွင်းယူပြီး အောင်ပွဲခံနေစဉ်။

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အာဖဂန်နစ္စတန်အသင်းနှင့် အိမ်ကွင်း စတင်ကစားရမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲများကို ၂၀၂၅ ခုနှစ် မတ်လတွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အာဖဂန်နစ္စတန် အသင်းနှင့် အိမ်ကွင်း စတင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စုမဲခွဲရာတွင် အုပ်စု (E) ၌ ဆီးရီးယားအသင်း၊ အာဖဂန်နစ္စတန်အသင်း၊ ပါကစ္စတန် အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စုပွဲများကို ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် မတ်လအထိ တစ်နှစ်ကာလအတွင်း အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲကို လေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ၂၀၂၅ ခုနှစ် မတ် ၂၅ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် အိမ်ကွင်း၊ ၂၀၂၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ပါကစ္စတန်အသင်းနှင့် အဝေးကွင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အောက်တိုဘာ ၁၄ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အာဖဂန်နစ္စတန် အသင်းနှင့် အဝေးကွင်း၊ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်တွင် ပါကစ္စတန်အသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း။

မြန်မာအသင်းသည် ၂၀၂၅ ခုနှစ်တွင် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယခုနှစ်အတွင်း နောက်ဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် Asean Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး

## မိုင်းလားမြို့နယ် ပန်ဟုတ်(အောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်

မိုင်းလား ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာပင်းကျေးရွာအုပ်စု ပန်ဟုတ်(အောက်) ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံလင်း၊ မိုင်းလားမြို့နယ် ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ပန်ဟုတ်(အောက်)ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ပန်ဟုတ်(အောက်) ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၃ သန်းဖြင့် ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် ဇူလိုင်လ ပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သီးနှံထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ပို့ဆောင်နိုင်မည် ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၂၂

## အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲအားကစားသမား ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၂၂

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ME & GEMS အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ (ME & GEMS BADMINTON JUNIOR CHAMPIONSHIPS -2024) ကို ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပရာ အားကစားသမား ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည်။

အဆိုပါပြိုင်ပွဲတွင် အသက်ကိုးနှစ်အောက်၊ ၁၁ နှစ်အောက်၊ ၁၃ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၇ နှစ်အောက်၊ ၁၉ နှစ်အောက် အမျိုးသား+အမျိုးသမီးတစ်ဦးချင်း နှစ်ယောက်တွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲတွင် ပွဲစဉ်ပေါင်း ၃၁၃ ပွဲ ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အားကစားသမားများ၊ ကလပ်ပေါင်းစုံမှ ကစားသမားများ စုစုပေါင်း ၇၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး




အမျိုးသား အသက် ၁၅ နှစ်အောက် တစ်ဦးချင်းယှဉ်ပြိုင်စဉ်။

## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံမြေပဲ ဧက ၁၅၇၀ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဒီဇင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရန်နှင့် စားသုံးဆီ ဖူလုံပိုလျှံစေရန်အတွက် ဒေသခံတောင်သူများက ဆီထွက်သီးနှံများကို ကြိုးပမ်းစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မြေပဲသီးနှံဧက ၁၅၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ဧက ၂၈၃၀ စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက လျာထားစိုက်ဧက ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ မြေပဲဧက ၁၅၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သတ်မှတ်လျာထားဧက ပြည့်မီဖို့နဲ့ အထွက်နှုန်း ကောင်းမွန်စေဖို့အတွက် ဒေသခံတောင်သူတွေကို မြေပဲစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေးဆိုင်ရာ ပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆီစားသုံးမှုဖူလုံစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၁၆၆၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ဧက ၃၆၁၉ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုဆောင်းသီးနှံစိုက်ပျိုးရာတွင်လည်း မြေပဲစိုက်ဧက ၂၈၃၀ လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ရာ ယနေ့အထိ ဧက ၁၅၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ပို့စကတ်ထုတ်ဝေ









ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇) နှစ်မြောက် လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ပို့စကတ်(၄)မျိုးအား စီစဉ်ထုတ်ဝေလိုက်ပါသည်။


အဆိုပါ ပို့စကတ် ၄ မျိုးအား "မာရဝိဇယ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲ၊ ကျောက်ဆည်မြို့ ရိုးရာ ဆင်အကပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ၊ မလှိုင်မြို့ရှိ ထီးလုပ်ငန်း" ခေါင်းစဉ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၅၅၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## လယ်ဝေးမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နေပြည်တော်ကောင်စီ နယ်မြေ လယ်ဝေးမြို့နယ် အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လယ်ဝေးမြို့ ပုံချီကျေးရွာရှိ သီရိပုံချီကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့်ဒေသခံ ပြည်သူ ၁၁၃ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်လုပ်ငန်းများ လွှဲပြောင်းခြင်းအခမ်းအနားကျင်းပ

**ပျဉ်းမနား ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးရိုင်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဇီးရိုင်းကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အရှည်ပေ ၅၃၀၊ အကျယ် ၁၂၊ ဒု ၆ လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅၅ သန်းကို အသုံးပြုကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းများ လွှဲပြောင်းအပ်နှံခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။

**မောင်ခိုင်**

## ကျောက်တန်းမြို့၌ မီးဘေးလုံခြုံရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**ကျောက်တန်း ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့၌ မီးဘေးအန္တရာယ်လုံခြုံမှုရှိစေရန် စဉ်ဆက်မပြတ် အသိပညာပေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်က အနောက်ပိုင်းရပ်ကွက်တွင် မီးလောင်မှုမီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်ဆင်းမီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းကို ဆောင်ရွက်သည်။ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး စခန်းမှူး ဦးကျော်သူရမျိုး ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဦးနှင့်အဖွဲ့များက ရပ်ကွက်အတွင်း အိမ်ခြေ ၁၅၀ ကို မီးဘေးအသိပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၂၀၉)**



## လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး)ဘုရား၌ အခြေခံမီးသတ်သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ အခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)ဆင်းပွဲနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှု အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး)ဘုရား ဓမ္မရက္ခိတဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ခဲ့ပြီး အလှည့်ကျဂေါပကဥက္ကဋ္ဌ ဦးမျိုးမင်းနိုင်၊ ဂေါပကအဖွဲ့ဝင်(လုံခြုံရေးနှင့်ပြန်ကြားရေးဌာန) ဦးလှူဟန်နှင့် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်ထိုက်တို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် အခြေခံမီးသတ်သင်တန်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီးနောက် သင်တန်းသား သင်တန်းသူ ၃၃ ဦးအား တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဘုရားဝင်းရှိ ဈေးဆိုင်များကို မီးဘေးအန္တရာယ်အသိပညာပေးခြင်းနှင့် ဆိုင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၁၆ ရက် မှ ၂၀ ရက်အထိ သင်တန်းသား သင်တန်းသူ ၃၃ ဦးကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**



## လှည်းကူးပညာရေးဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ဖွင့်လှစ်လျက်ရှိသော (၂၀၂၄-၂၀၂၅) ပညာသင်နှစ် လေးနှစ်သင်ပညာရေးဘွဲ့ ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာဝေအားမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားပြီး လှည်းကူးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လေးနှစ်သင် ပညာရေးဘွဲ့ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။ အခမ်းအနားသို့ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး၊ လှည်းကူးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ လေးနှစ်သင်ပညာရေးဘွဲ့ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အက်သလက်တီကိုမက်ဒရစ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် အမှတ်ပေးဇယားဦးဆောင်ခွင့် လက်လွှတ်ခဲ့ရသည့် ဘာစီလိုနာ

ဒီဇင်ဘာ ၂၂ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ် (၁၈) တွင် ဘာစီလိုနာအသင်းသည် အနီးကပ်ပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် အမှတ်ပေးဇယား ဦးဆောင်ခွင့် လက်လွှတ်လိုက်ရပြီဖြစ်သည်။

ခြေစွမ်း ထက်မြက်သည့်အသင်း အချင်းချင်းတွေ့ဆုံသည့်ပွဲစဉ်ဖြစ်သည့်အတွက် နှစ်သင်းစလုံး အားထားရသည့်ကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာခဲ့ကြသည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပထမပိုင်းပွဲကစားချိန်အတွင်း ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးကန်သွင်းချက်ပင်ပြုလုပ်ထားနိုင်ခြင်း မရှိပေ။

ပြိုင်ဘက် ဘာစီလိုနာအသင်းက ဂိုးရရှိနိုင်သည့် အခွင့်အရေးနှစ်ကြိမ်နှင့်အတူ ဂိုးပေါက်ခြိမ်းခြောက်မှု ခြောက်ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။

ပွဲချိန် မိနစ် ၃၀ တွင် ဘာစီလိုနာကစားသမား ပက်ဒရီက အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းထက် ဘာစီလိုနာအသင်းကသာ ဂိုးပေါက်ကန်သွင်းမှုအသာ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးဖန်တီးမှုများနှင့်အတူ တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့သည်။

သို့သော်လည်း ဘာစီလိုနာအသင်းသည် ခက်ထန်မာကျောသည့် အက်သလက်တီကိုမက်ဒရစ်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။



အက်သလက်တီကိုမက်ဒရစ်အသင်းက တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးများကို အမိအရ အသုံးချကာ ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် စပိန်လာလီဂါ ၁၈ ပွဲကစားပြီး ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။



## ပက်ထရစ်ရှစ်၏ သွင်းဂိုးများနှင့်အတူ လေဗာကူဆင်က ဖရိုင်းဘတ်ကို ဂိုးပြတ်အနိုင်ရ

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၅) တွင် နည်းပြအလွန်ဆို၏ လေဗာကူဆင်က ဖရိုင်းဘတ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သောကြောင့် ဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းနှင့် လေးမှတ်အကွာသို့ ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ ပွဲစဉ်ကို ဒီဇင်ဘာ ၂၂ ရက် နံနက်အစောပိုင်းက လေဗာကူဆင်အသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

လေဗာကူဆင်အသင်းသည် အစပိုင်းပွဲစဉ်များတွင် ရလဒ်ဆိုးရွားမှုများနှင့်ကြုံတွေ့ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိလာသည့်အသင်း ဖြစ်သည်။ ထို့အပြင် လေဗာကူဆင်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် နောက်ဆုံးပြိုင်ပွဲစုံရှစ်ပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ရေး အသင်းကို အကောင်းဆုံးပြင်ဆင်လာသော ဖရိုင်းဘတ်အသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ပြိုင်ဘက်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။

လေဗာကူဆင်အသင်းအတွက် သွင်းဂိုးများကို ပက်ထရစ်ရှစ်နှင့် ဝစ်တို့ကသွင်းယူပေးပြီး ဖရိုင်းဘတ်အသင်းအတွက်သွင်းဂိုးကို ဂရီဖိုက သွင်းယူပေးခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ



- နာပိုလီအသင်းသည် မန်ယူအသင်းမှ အင်္ဂလန်ဗဟိုခံစစ်ကစားသမား ဟာရီမက်ဂွိုင်းယားကို ၃၁ နှစ်အား ခေါ်ယူရန် စိတ်ဝင်စားနေသည်။ မက်ဂွိုင်းယားကို နာပိုလီအသင်းအပြင် ဂါလာတာစာရေးအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ပရီမီယာလိဂ်ကလပ်အသင်းအများအပြားက ခေါ်ယူရန်စိတ်ဝင်စားနေသော ပြင်သစ်ကစားသမား မူအာနီ ၂၆ နှစ် သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ လီဂူးဝမ်းကလပ်မှ ထွက်ခွာဖွယ်ရှိသည်။
- မန်ယူအသင်းသည် အသက် ၂၄ နှစ်အရွယ် ဂျူဗင်တပ်စ် အသင်းမှ ဆားဘီးယားတိုက်စစ်ကစားသမား ဒူဆန်ဗလာဟိုဗစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘာစီလိုနာ၊ စပါး၊ မန်ယူနှင့် ချယ်ဆီးအသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီတောင်ပံကစားသမား လီရွိုင်းဆာနေး ၂၈ နှစ် အား ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- မန်စီးတီးအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်နှင့် ဘရာဇီးကစားသမား ဂူမာရက်စ် ၂၇ နှစ်၊ ရီးရဲဆိုစီဒက်နှင့် စပိန်ကွင်းလယ်ကစားသမား မာတင် ၂၅ နှစ် တို့ကို ဦးစားပေးသွားဖွယ်ရှိနေသည်။
- စပါးအသင်းသည် ဒေါ့မွန်အသင်းမှ ဂျာမန်တောင်ပံကစားသမား ဂျူလီယန် ဘရန့်သ် ၂၈ နှစ်အားခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ချယ်ဆီးအသင်းသည် အေစီမီလန်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ယူဆွတ်ဖ်ဖိုဖာနာ ၂၅ နှစ်အား ကမ်းလှမ်းရန် ပြင်ဆင်နေသည်။

■ မိုးဇက် - စုစည်းသည်




ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းမှာ အီတလီစီးရီးအေ ပွဲစဉ် (၁၇) မှ ပွဲစဉ် နှစ်ပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဖီအိုရင်တီးနားက အူဒီးနိစ်၊ အင်တာမီလန်က ကိုမိုအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

| စီးရီးအေ ပွဲစဉ် (၁၇) | |
|---|---|
| ၂၄-၁၂-၂၀၂၄ | အင်္ဂါနေ့ |
| ဖီအိုရင်တီးနား-အူဒီးနိစ် | နံနက် ၁၂း၀၀ |
| အင်တာမီလန်- ကိုမို | နံနက် ၂း၁၅ |

## အင်တာမီလန်အသင်းရဲ့ တိုက်စစ်ကို ကိုမိုအသင်း ပွဲချိန်ပြည့် ဟန့်ထားဖို့ ခက်မယ်

### ဖီအိုရင်တီးနား VS အူဒီးနိစ်

ဖီအိုရင်တီးနားက ခြေစွမ်းထက်လာတယ်ဆိုပေမယ့် နောက်ဆုံးပြိုင်ပွဲစုံနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတယ်။ အူဒီးနိစ်ကလည်း နောက်ဆုံးနှစ်ပွဲဆက် ရှုံးပွဲရှုံးကြုံတွေ့ထားတယ်။ ဖီအိုရင်တီးနားအသင်းရော အူဒီးနိစ်အသင်းပါ နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ဖီအိုရင်တီးနားအသင်းမှ စောင့်ကြည့်ရမယ့် ကစားသမားတွေအဖြစ် တိုက်စစ်က မွိုက်စ်ကိန်းနဲ့ ကွင်းလယ်တိုက်စစ်က လူးကပ်စ်ဘဲလ်ထရမ်တို့ရှိတယ်။ မွိုက်စ်ကိန်းက စီးရီးအေ ၁၅ ပွဲမှာ ကိုးဂိုးသွင်းယူပေးထားတယ်။ လူးကပ်စ်ဘဲလ်ထရမ်က စီးရီးအေ ၁၂ ပွဲမှာ နှစ်ဂိုးသွင်းပြီး လေးကြိမ်ဂိုးဖန်တီးမှု ပြုလုပ်ထားနိုင်တယ်။ မည်သို့ပင်ဆိုစေ ခြေစွမ်းသာလွန်တဲ့အသင်းထက် အဆုံးသတ်သေချာတဲ့အသင်းသာ နိုင်ပွဲရမယ်။

### အင်တာမီလန် VS ကိုမို

တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေတဲ့ အင်တာမီလန်နဲ့ ခံစစ်အဆိုးရွားဆုံးအသင်းထဲပါဝင်နေတဲ့ ကိုမိုအသင်းတို့ တွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတဲ့ ကိုမိုအသင်းရဲ့ ရှုန်းအားကြောင့် အင်တာမီလန်အသင်း အခက်တွေ့နိုင်တယ်။ သို့သော်လည်း ထက်မြက်တဲ့အင်တာမီလန်အသင်းရဲ့ တိုက်စစ်ကို ကိုမိုအသင်း ပွဲချိန်ပြည့် ဟန့်တားဖို့ခက်မယ်။ အင်တာမီလန်အသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် တိုက်စစ်က မားကပ်စ်သူရမ်နဲ့ ဗဟိုခံစစ်က ဘတ်စတိုနီတို့ရှိတယ်။ သူရမ်က စီးရီးအေ ၁၆ ပွဲမှာ ၁၁ ဂိုးသွင်းယူပေးထားပြီး ဘတ်စတိုနီက ၁၅ ပွဲမှာ လေးကြိမ်ဂိုးဖန်တီးမှု ပြုလုပ်ထားတယ်။ ကိုမိုအသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ၁၆ ပွဲမှာ လေးဂိုးသွင်းထားတဲ့ တိုက်စစ်က ကက်သရုန်းရှိတယ်။

# ကျန်းမာချင်ပါသလား... လမ်းလျှောက်ပါ

ပေါက်ပေါက်

မြန်မာနိုင်ငံ၏ လူ့မျှော်မှန်းသက်တမ်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ တွက်ချက်မှုအရ ၆၇ ဒသမ ၄၂ နှစ်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ တွက်ချက်မှုမှာ ၆၇ ဒသမ ၇၈ နှစ်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ လူတစ်ယောက် သက်တမ်းစေ့နေနိုင်ရန်နှင့် သက်ရှည်ကျန်းမာစေရန်အတွက် သွေး၊ လေများ ကောင်းမွန်လည်ပတ်အောင် နေ့စဉ်လမ်းမှန်မှန်လျှောက်ခြင်းကလည်း အဓိကကျပါသည်။ WHO မှ ထုတ်ပြန်ကြေညာချက်များအရ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ချို့တဲ့ခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ နှစ်သန်းခန့် ရောဂါဖြစ်ကြပြီး ကိုယ်ခန္ဓာ မသန်စွမ်းခြင်းနှင့် သက်တမ်းမစေ့မီ သေဆုံးခြင်းများကို ရင်ဆိုင်နေကြရကြောင်း မှတ်သားသိရှိရပါသည်။

ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် နေ့စဉ် လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ လူတိုင်းတွင် မွေးရာပါ စွမ်းဆောင်ရည်များ ပါလာကြသည်။ သို့သော် ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များကို အပြည့်အဝ အသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယ၊ ကျန်းမာရေးသည် တတိယ ဖြစ်နေခြင်း ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ငွေကုန်သက်သာသည့် အလွယ်ကူဆုံးလေ့ကျင့်ခန်းသည် လမ်းလျှောက်ခြင်း ဖြစ်ပါသည်။

ကမ္ဘာ့အိုလံပစ်ပွဲတော် စတင်ပေါက်ဖွားရာ ဂရိနိုင်ငံ၏ ကမ်းခြေကျောက်သား ကမ်းပါးတစ်ခုပေါ်မှာ–

- **သင်ကျန်းမာချင်ပါသလား။**
  **သင် – လမ်းလျှောက်ပါ။**
- **သင်ဉာဏ်ကောင်းချင်ပါသလား။**
  **သင် – လမ်းလျှောက်ပါ။**
- **သင်လှချင်ပါသလား။**
  **သင် – လမ်းလျှောက်ပါ။**

ဟူသော စာကမ္ပည်းရေးထိုးထားသည်မှာ လူသားအားလုံးအတွက် မှတ်သားလိုက်နာဖွယ် ဖြစ်ပေသည်။

အားကစားလေ့ကျင့်နည်း အမျိုးမျိုးရှိကြရာ ၎င်းတို့အနက် “လမ်းလျှောက်ခြင်း” က အရွယ်သုံးပါးမရွေး အထူးသင့်လျော်သည့် လေ့ကျင့်ခန်းဖြစ်ပါသည်။ “လမ်းလျှောက်ခြင်း” သည် လူတိုင်းလုပ်ဆောင်နိုင်သော လေ့ကျင့်ခန်းဖြစ်သလို ငွေကြေးကုန်ကျမှုမရှိ၊ ကရိကထလည်း မများသည့်အပြင် အလွယ်ကူဆုံးဖြစ်သောကြောင့် မိမိတစ်ဦးတည်းဖြစ်စေ၊ မိသားစု သို့မဟုတ် မိတ်ဆွေသူငယ်ချင်းများနှင့် အုပ်စုလိုက်ဖြစ်စေ လွတ်လပ်ပေါ့ပါးစွာ ပြုလုပ်နိုင်ပါသည်။ ကျန်းမာခြင်းဟူသော ဆုလာဘ်သည် ငွေကြေးဖြင့် ဝယ်ယူ၍ရသော ပစ္စည်းမဟုတ်ပေ။ လူတိုင်းလူတိုင်း မိသားစုဝင်များအားလုံး ကိုယ်ကျန်းမာနေမှလည်း စိတ်ချမ်းသာနိုင်တော့မည် ဖြစ်ပေသည်။

## လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ

လမ်းလျှောက်ခြင်းသည် ရောဂါကင်းဝေး ကျန်းမာစေပြီး အသက်ရှည်ရာအနာမဲ့ကြောင်းနည်းလမ်းကောင်းတစ်ခုဖြစ်ပေရာ နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများကို အောက်ပါအတိုင်း အသိပေးမျှဝေလိုပါသည်။

နှလုံးအားကောင်းစေပါသည်။ ပုံမှန် လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော HDL ကိုလက်စထရောများကို သဘာဝအလျောက်မြှင့်တင်ပေးပြီး မကောင်းသော



တာချီလိတ်မြို့၌ ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

**“လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် ကျဆင်းသွားစေပြီး ၁၀ မိနစ်ခန့် ခပ်သွက်သွက် လမ်းလျှောက်ရုံမျှဖြင့် ကယ်လိုရီ ၅၀ လောင်ကျွမ်းနိုင်ကာ ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်ကိုလည်း အားကောင်းလာစေပါသည်။ သွေးတိုးနှင့် လေဖြတ်ခြင်းမှ ကာကွယ်စေပါသည်။ တစ်နေ့လျှင် နာရီဝက်ခန့် ခပ်သွက်သွက် လမ်းလျှောက်ပေးခြင်းက သွေးတိုးရောဂါ မဖြစ်စေတော့ပေ”**

LDL ကိုလက်စထရောများကို လျှော့ချပေးပါသည်။ နှလုံးသွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေသဖြင့် နှလုံးကိုကျန်းမာစေပါသည်။ အမေရိကန်နိုင်ငံတွင် အသက် ၇၀ ကျော် အရွယ်များအား လေ့လာဆန်းစစ်မှု မှတ်တမ်းများအရ ခပ်သွက်သွက်နှင့် အချိန်ကြာကြာ လမ်းလျှောက်သော သက်ကြီးရွယ်အိုများသည် နှလုံးသွေးကြောဆိုင်ရာရောဂါ (CVD) ဖြစ်ပွားနိုင်သည့် အန္တရာယ်နည်းပါးကြောင်း၊ တစ်နာရီလျှင် ငါးကီလိုမီတာထက်ပိုသော အမြန်နှုန်းဖြင့် လမ်းလျှောက်သော အရွယ်ရောက်ပြီးသူများသည် တစ်နာရီလျှင် သုံးကီလိုမီတာနှုန်းဖြင့် လမ်းလျှောက်သူများထက် နှလုံးရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ် ၅၀ ရာခိုင်နှုန်း လျော့နည်းသွားကာ လေဖြတ်အန္တရာယ်မှလည်း ၅၀ ရာခိုင်နှုန်း လျော့နည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ပျမ်းမျှ တစ်နေ့လျှင် ဘတ်စ်ကား ခုနစ်မှတ်တိုင်အကွာအဝေး သို့မဟုတ် ၎င်းထက်ပို၍ လမ်းလျှောက်သူများသည် သီတင်းတစ်ပတ်လျှင် ပျမ်းမျှ ဘတ်စ်ကား ငါးမှတ်တိုင် အကွာအဝေးခန့်သာ လျှောက်သူများထက် နှလုံးရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ် ၃၆ ရာခိုင်နှုန်း လျော့နည်းပြီး လေဖြတ်နိုင်သည့်အန္တရာယ်မှလည်း ၅၄ ရာခိုင်နှုန်း လျော့နည်းကြောင်း သိရပါသည်။ ထို့ပြင် လမ်းလျှောက်သည့် အမြန်နှုန်း သို့မဟုတ် အကွာအဝေးပိုများသူများတွင် နှလုံးရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ်လျော့နည်းကြောင်း၊ ရက်သတ္တတစ်ပတ်လျှင် မိနစ် ၃၀ ကြာ လမ်းလျှောက်နိုင်မည်ဆိုပါက နှလုံးရောဂါဖြစ်နိုင်ခြေ ၁၁ ရာခိုင်နှုန်း နည်းပါးသွားကြောင်း လေ့လာမှတ်သားရပါသည်။

ကိုယ်အလေးချိန်ကျစေပါသည်။ လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် ကျဆင်းသွားစေပြီး ၁၀ မိနစ်ခန့် ခပ်သွက်သွက် လမ်းလျှောက်ရုံမျှဖြင့် ကယ်လိုရီ ၅၀ လောင်ကျွမ်းနိုင်ကာ ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်ကိုလည်း အားကောင်းလာစေပါသည်။သွေးတိုးနှင့် လေဖြတ်ခြင်းမှ ကာကွယ်စေပါသည်။ တစ်နေ့လျှင် နာရီဝက်ခန့် ခပ်သွက်သွက် လမ်းလျှောက်ပေးခြင်းက သွေးတိုးရောဂါ မဖြစ်စေတော့ပေ။

ထို့ပြင်သွေးတိုးရောဂါနှင့်ဆက်စပ်လျက်ရှိသော လေဖြတ်ခြင်းအလားအလာကို ၂၇ ရာခိုင် နှုန်းအထိ လျှော့ချပေးနိုင်ပါသည်။ အဆုတ်ကောင်းစေပါသည်။ လမ်းလျှောက်နေချိန်တွင် ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ကို များများလိုအပ်ခြင်းကြောင့် အသက်ပိုရှူရသဖြင့် အဆုတ်၏ လုပ်ဆောင်ချက်များ ပိုကောင်းလာပါသည်။ ရောဂါဝေဒနာဆိုးများမှ တားဆီးပေးနိုင်ပါသည်။ နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်းက ဆီးချိုရောဂါအမှတ်–၂ ဖြစ်နိုင်ခြေ အလားအလာကို ၆၀ ရာခိုင်နှုန်းခန့်အထိ လျှော့ချပေးသည့်အပြင် ရက်သတ္တတစ်ပတ်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များကို အားကောင်းစေပြီး အထူးသဖြင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ စသည့် ကုသရန်ခက်ခဲသော ရောဂါဆိုးကြီးများ ဖြစ်နိုင်ခြေအလားအလာကိုပါ ၂၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း The British Medical Journal (ခေါ်) ဗြိတိန်ကျန်းမာရေးဂျာနယ်မှာ ဖော်ပြထားပါသည်။ ကြွက်သားများ ကျစ်လျစ်လာစေပါသည်။ လမ်းလျှောက်လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းက ကယ်လိုရီတွေ လောင်မြိုက်သွားစေသဖြင့် ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်ကို တိုးတက်ကောင်းမွန်လာစေပြီး ကြွက်သားများ ကျစ်လျစ်သန်စွမ်းလာစေပါသည်။

လမ်းလျှောက်ခြင်းက ပြင်းထန်သော လေ့ကျင့်ခန်းမဟုတ်သဖြင့် ကြွက်သားနာကျင်မှု မဖြစ်စေနိုင်ပေ။ ထို့ကြောင့် အနာတရဖြစ်ပေါ်ခြင်း၊ နောက်တစ်နေ့ လမ်းထလျှောက်ဖို့အတွက် ကြွက်သားနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေနိုင်ပေ။ ခန္ဓာကိုယ်အဆီပိုတွေမရှိချင်ဘူး၊ ကြွက်သားတွေ သန်မာစေချင်တယ်ဆိုလျှင် တစ်နေ့ ခြေလှမ်းရေ ၁၀၀၀၀ ခန့် လမ်းလျှောက်ပေးရုံမျှဖြင့် ရနိုင်ပါသည်။ ၎င်းထက်ပိုပြီး ပြင်းထန်သည့် လေ့ကျင့်ခန်းကို လိုချင်သူဖြစ်ပါက တောင်တက် လမ်းလျှောက်ခြင်းပြုလုပ်ပါ။ ထို့ပြင် စက္ကန့် ၃၀ မှ တစ်မိနစ်၊ နှစ်မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး တစ်ဖန် ပုံမှန်လမ်းလျှောက်ခြင်း၊ ထို့နောက် ခပ်မြန်မြန် ပြန်လည်လမ်းလျှောက်ခြင်းကလည်း ကြွက်သားများကို ထိထိရောက်ရောက် သန်မာစေပါသည်။

ဦးနှောက်ကို ကောင်းကျိုးပြုပါသည်။ အင်္ဂလန်နိုင်ငံတွင် အသက် ၆၅ နှစ်နှင့်အထက် အမျိုးသား၊ အမျိုးသမီးကြီးများကို ရက်သတ္တတစ်ပတ်လျှင် ခြောက်မိုင်ကျော်မျှ လမ်းလျှောက်စေခဲ့ရာ စိတ်ဖိစီးမှုတွေမရှိတော့ဘဲ ယခင်အခြေအနေထက် မှတ်ဉာဏ်စွမ်းရည်ပမာဏ ၄၀ ရာခိုင်နှုန်းအထိ တိုးတက်ကောင်းမွန်လာကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ အရိုးပွရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးပါသည်။ လမ်းလျှောက်နေစဉ်မှာ ကြွက်သားများက အရိုးများကိုဆွဲတင်ပေးပြီး ရွေ့လျားမှုဖြစ်ပေါ်စေသဖြင့် အရိုးများကို ပိုမိုသန်မာစေပါသည်။ စိတ်ဖိစီးမှုဖြစ်စေသော ကော်တီ ဇောဟိုမုန်းသည် အရိုးများ၏ သိပ်သည်းဆကို လျော့ကျစေပြီး အရိုးပွရောဂါကို ဖြစ်စေတတ်သည်။ လမ်းများများလျှောက်ခြင်းဖြင့် ကော်တီဇောပမာဏ လျော့ကျသွားစေနိုင်သဖြင့် အရိုးပွခြင်း ကို သက်သာလာစေသည်။ အထူးသဖြင့် သွေးမဆုံးခင်နှင့် သွေးဆုံးပြီးစ အမျိုးသမီးများ အရိုးပွရောဂါမဖြစ်ရလေအောင် လမ်းမှန်မှန် လျှောက်ပေးဖို့ အထူးလိုအပ်ပါသည်။ ထို့ပြင် လမ်းလျှောက်ခြင်းက အရိုးအဆစ်များကို ကျန်းမာကြံ့ခိုင်စေသဖြင့် အဆစ်အမျက်ရောင် ဝေဒနာသည်များလည်း လမ်းလျှောက်လေ့ကျင့်ခန်း မှန်မှန် လုပ်သင့်ပါသည်။

ခန္ဓာကိုယ်အချိုးအစား ပြေပြစ်စေပါသည်။ လမ်းလျှောက်သည့်အခါ ခန္ဓာကိုယ်ကို မတ်မတ်ထား၍ ရင်ကိုဖွင့်ကာ သက်သောင့်သက်သာ အနေအထားဖြင့် ပခုံးနှစ်ဖက်ကိုဖြေလျှော့ပြီး လက်နှစ်ဖက်ကို ဟန်ချက်ညီညီ အားရပါးရ လွှဲလျှောက်ပေးရပါမည်။ ထိုကဲ့သို့ နည်းစနစ်မှန်မှန် လမ်းလျှောက်ခြင်းက ရင်ဘတ်ကြွက်သားများကို ကျစ်လျစ်လာစေသလို ခါးတစ်ဝိုက်ရှိ အဆီပိုများကိုပါ ဖယ်ရှားပေးနိုင်သဖြင့် ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သွားစေပါသည်။ ဗီတာမင်ဒီရရှိစေပါသည်။ အရိုးကျန်းမာရေးအတွက် ဗီတာမင်ဒီဓာတ်ကို မရှိမဖြစ် လိုအပ်သည်။ နံနက်ပိုင်း နေရောင်ခြည်နုနုအောက်မှာ နေပူစာလှုံရင်း လမ်းလျှောက်ခြင်းက ဗီတာမင်ဒီဓာတ် အပြည့်အဝ ရရှိစေမည် ဖြစ်ပါသည်။ နေ့စဉ်ပုံမှန်လမ်းသွက်သွက်လျှောက်ခြင်းကြောင့် ကျန်းမာပျော်ရွှင်မှုကိုဖြစ်စေသည့် အန်ဒေါ်ဖင်ဟော်မုန်းများလည်း ပိုမိုထွက်ရှိလာပါသည်။ လေကို တဝကြီး ရှူရှိုက်၍ ခပ်သွက်သွက်လမ်းလျှောက်ခြင်းက စိတ်၏ထွက်ပေါက်ဖြစ်စေနိုင်သောကြောင့် အချိန်တိုအတွင်းမှာပင် စိတ်ဖိစီးမှုများကို ပြေပျောက်သွားစေသည်။ မျက်စိတင်းအားကို လျော့ကျသွားစေသဖြင့် မျက်စိတိမ်စွဲခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ အရေပြားသို့ သွေးစီးဆင်းမှုအားတိုးစေပြီး အရေပြားဆဲလ်များကို အာဟာရဖြစ်စေကာ ကျန်းမာနုပျိုသောအသွင်ကို မလွဲမသွေ ဖြစ်ပေါ်လာစေပါသည်။

အချုပ်ဆိုရသော် လမ်းလျှောက်သည်ဆိုရာဝယ်ဆောင်းရာသီတစ်ခုတည်းသာမက နွေရော မိုးပါ ဥတုရာသီချိန်ခါမရွေး လမ်းမှန်မှန်လျှောက်သော အလေ့အထကောင်းကို မွေးမြူသင့်ပါသည်။ မည်သို့ပင် ဆိုစေကာမူ မိမိကိုယ်တိုင် တကယ်ကျန်းမာချင်ပါမှ၊ မိမိကိုယ်ကို စောင့်ရှောက်ချင်စိတ်ရှိပါမှ၊ မိမိကိုယ်ကို စောင့်ရှောက်တတ်ပါမှ၊ ကျန်းမာရေး အသိသတိဖြင့် ဖွဲ့လုံ့လရှိပါမှ ရောဂါဘယကင်းဝေး၍ တကယ်ကျန်းမာနိုင်မည် ဖြစ်ပေသည်။ လူမှုဘဝပတ်ဝန်းကျင်တွင် စိတ်ဖိစီးမှုများပြားလာကြသည်။

ထိုအခါ စိတ်ထွက်ပေါက် အဖြစ် လမ်းများများ လျှောက်ပေးသင့်ပါသည်။ စုပေါင်း လမ်းလျှောက်ခြင်းသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုကို ရသကဲ့သို့ ပျော်ရွှင်မှုကိုလည်း အမှန်အကန်ရရှိစေပါသည်။

သို့ပါ၍ ကိုယ်ခန္ဓာ သန်စွမ်းစေဖို့ စိတ်နှလုံးရွှင်ပြုံးစေဖို့ စိတ်ရောကိုယ်ပါ ကျန်းမာဖို့ စောစောအိပ်လို့ စောစောထလို့ စောစော လမ်းလျှောက်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။ ။



# လွိုင်မွေတောင်ပေါ်စခန်းမြို့လေးက ချယ်ရီပန်းပွဲတော်ဆီ

“အခုလာမယ့် ဒီဇင်ဘာ နောက်ဆုံးပတ်နဲ့ ဇန်နဝါရီ ပထမပတ်ထဲမှာတော့ ကျင်းပနိုင်ဖို့ စီစဉ်ထားပါတယ်။ အခုကတော့ ချယ်ရီတွေကအဖူးတွေ ဖူးနေကြပါပြီ။ ချယ်ရီတွေ လှိုင်လှိုင် ပွင့်ချိန်ကျရင် ပွဲတော်ကို ကျင်းပမှာပါ။ အခု ကျင်းပမယ့် ပွဲတော်က လေးကြိမ်မြောက် ပွဲတော် ဖြစ်ပါတယ်

ယဉ်လာဒ်

နှစ်စဉ် ချယ်ရီလှိုင်လှိုင်ပွင့်တဲ့ ဒီဇင်ဘာ၊ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီကာလတွေမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်က တောင်ပေါ်စခန်းမြို့လေးဖြစ်တဲ့ ချယ်ရီပန်းတွေနဲ့ လှပနေတဲ့ လွိုင်မွေတောင်စခန်းဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။

မြန်မာပြည်ထဲက တောင်ပေါ်စခန်းမြို့တွေကို လက်ချိုးရေလို့ရတဲ့အထဲမှာ အရှေ့ကျိုင်းတုံမြို့က တောင်ပေါ်စခန်းမြို့ကလေးဖြစ်တဲ့ လွိုင်မွေမြို့လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ တချို့က လွိုင်မွေကို လွယ်မွေလို့ ခေါ်ကြပါတယ်။ လွိုင်မွေမြို့လေးဟာ ချယ်ရီပန်းတွေ လှိုင်လှိုင်ပွင့်တဲ့ တောင်ပေါ်စခန်းမြို့လေးဖြစ်တာမို့ ချယ်ရီတွေပွင့်ချိန်ကာလမှာ ချယ်ရီပန်းပွဲတော်ကို ကျင်းပလေ့ရှိကြပါတယ်။

## ချယ်ရီပန်းပွဲတော်ကို ကျင်းပဖို့စီစဉ်နေ

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ညွှန်ကြားမှုနဲ့အတူ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက လွိုင်မွေမြို့မှာ ချယ်ရီပန်းပွဲတော်ကို ကျင်းပဖို့စီစဉ်နေတယ်လို့ ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူကျော်က စာရေးသူကို ပြောပါတယ်။

“အခုလာမယ့် ဒီဇင်ဘာလနောက်ဆုံးပတ်နဲ့ ဇန်နဝါရီပထမပတ်ထဲမှာတော့ ကျင်းပနိုင်ဖို့ စီစဉ်ထားပါတယ်။ အခုကတော့ချယ်ရီတွေက အဖူးတွေ ဖူးနေကြပါပြီ။ ချယ်ရီတွေလှိုင်လှိုင်ပွင့်ချိန်ကျရင် ပွဲတော်ကို ကျင်းပမှာပါ။ အခုကျင်းပမယ့်ပွဲတော်က လေးကြိမ်မြောက် ပွဲတော်ဖြစ်ပါတယ်” ဟု ဦးစည်သူကျော်က ပြောပါတယ်။

ချယ်ရီပန်းတွေပွင့်ချိန်မှာ လွိုင်မွေတောင်စခန်းပတ်ဝန်းကျင်တစ်ဝိုက်မှာ ချယ်ရီပန်းခက်တွေကို ချိုးယူတာ မပြုလုပ်ကြဖို့လည်း အရေးကြီးလှပါတယ်။ ချယ်ရီပန်းတွေဟာ လွယ်မွေမြို့ရဲ့ အထိမ်းအမှတ် သင်္ကေတဖြစ်တဲ့အပြင် ဒေသရဲ့ သဘာဝအမွေအနှစ်တစ်ခုလည်းဖြစ်ပြီး ချယ်ရီပင်များစွာကို သဘာဝ အတိုင်း တစုတစည်းတည်း တွေ့မြင်ရတဲ့ တောင်ပေါ်စခန်းမြို့ကလေးဖြစ်ပါတယ်။

## ဗြိတိသျှခေတ် အဆောက်အအုံတွေတွေ့မြင်နိုင်

လွယ်မွေ(လွိုင်မွေမြို့)ကလေးက ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၅၅၄၂ မှ ၆၀၁၂ အထိမြင့်တဲ့ တောင်ကုန်းတောင်တန်းတွေပေါ်တည်ရှိပြီး ကျိုင်းတုံမြို့ကနေ မိုင်၂၀ ခန့်အကွာမှာ ရှိပါတယ်။ လွယ်မွေမြို့၏ ရာသီဥတုအခြေအနေကတော့ တစ်နှစ်ပတ်လုံးမှာ ကိုးလလောက်က မြူနှင်းတွေနဲ့ အေးမြနေတာမို့ ဥတုသုံးလီမှာ ဆောင်းရာသီကာလကြာရှည်တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒီတောင်ပေါ်မြို့ကလေးမှာ ဗြိတိသျှခေတ်ကရှိခဲ့တဲ့ အဆောက်အအုံတွေကို ယနေ့ထိတိုင် တွေ့မြင်နိုင်ပါတယ်။

နှစ်စဉ်ချယ်ရီပွင့်နေကြတဲ့ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလမကုန်ခင်အထိ ချယ်ရီလှိုင်လှိုင်





လွိုင်မွေမြို့ရဲ့ ချယ်ရီလှိုင်လှိုင်ပွင့်ချိန် မြင်ကွင်း။

ပွင့်တဲ့ကာလမှာ လွိုင်မွေတောင်ပေါ်စခန်းမြို့ကလေးကို ပြည်တွင်းပြည်ပ ခရီးသွားအပန်းဖြေသူတွေ လာရောက်လည်ပတ်ကြတာမို့ ချယ်ရီပွင့်ချိန်ဆို လွိုင်မွေတောင်ပေါ်စခန်းမှာ ခရီးသွားတွေနဲ့ စည်ကားလေ့ရှိပါတယ်။

ချယ်ရီလှိုင်လှိုင်ပွင့်ချိန် ဇန်နဝါရီလဆိုရင် လွိုင်မွေတောင်ပေါ်စခန်းဆီကို ထိုင်းခရီးသွားတွေနဲ့ ကျိုင်းတုံမြို့ရဲ့ပတ်ဝန်းကျင်က တိုင်းရင်းသားတွေသာမက တာချီလိတ်၊ လားရှိုးဘက်က ပြည်တွင်း ခရီးသွားတွေလည်း လာရောက်လည်ပတ်ကြပါတယ်။

## ရိုးရာအစားအစာ ပွဲတော်

ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ်မှာ လွိုင်မွေတောင်စခန်းမြို့ကလေးမှာ ဒီဇင်ဘာ ၂၄ ရက်ကနေ ဒီဇင်ဘာ ၂၈ ရက်အထိ ချယ်ရီပန်းပွဲတော်နဲ့အတူ တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာအစားအစာပြပွဲကို ကျင်းပခဲ့ကြပါတယ်။ မတူညီတဲ့ရိုးရာအစားအစာတွေကို ချစ်ခင်ရင်းနှီးစွာ တစုတစည်းတည်း ဖော်ထုတ်ပြသထားတဲ့ ရိုးရာအစားအစာပွဲတော်ကို ပထမဆုံး ကျင်းပနိုင်ခဲ့ပါတယ်။ လွယ်မွေဒေသမှာ ဒေသခံတွေက ချယ်ရီဝိုင်၊ မက်မန်းဝိုင်၊ စပျစ်ဝိုင်၊ နာနတ်ဝိုင်နဲ့ ပင်စိမ်းဝိုင်တို့ကို ထုတ်လုပ်ရောင်းချပေးတာမို့ ဒေသခံတွေရဲ့စားဝတ်နေရေးကိုလည်း များစွာအထောက်အကူဖြစ်စေလျက်ရှိပါတယ်။

## ကျိုင်းတုံမြို့က လည်ပတ်စရာတွေ

ကျိုင်းတုံမြို့မှာတော့ လည်ပတ်စရာတွေက များလှပါတယ်။ ကျိုင်းတုံမြို့ရဲ့ထင်ရှားတဲ့နေရာတွေကတော့ ရပ်တော်မူဘုရား၊ မဟာမြတ်မုနိဘုရားကြီး၊ နောင်တုံကန်၊ ကျိုင်းတုံမြို့မဈေး၊ သစ်တစ်ပင်တောင်၊ ရေပူစမ်း၊ ကိုရင်လေးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်ခမ်းဘုရား၊ စွမ်လွဲ/ ကမ္ဘာအေးဘုရား၊ နှစ် ၁၀၀ ကျော် သက်တမ်းရှိတဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ကျိုင်းတုံမြို့ရဲ့ ရှေးဟောင်းမြို့ရိုးတံခါးတွေထဲက အခုအချိန်ထိ တစ်ခုတည်းသာ ကျန်ရှိတော့တဲ့ ပါလျန်ဂိတ်၊ စော်ဘွားအုတ်ဂူ၊ ယွန်းလုပ်ငန်း၊ ဗုဒ္ဓဥယျာဉ်၊ လွယ်မွေစခန်း၊ ရိုးရာအိမ်လေးတွေ ကျန်ရှိနေသေးတဲ့ နောင်ငင်းရွာ၊ ကျိုင်းတုံရေတံခွန်၊ အားခီကျေးရွာ၊ ဟိုကျင်း၊ အာခါရွာတွေဟာ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေ မဖြစ်မနေ သွားရောက်လည်ပတ်သင့်တဲ့ နေရာတွေဖြစ်ပါတယ်။

ချယ်ရီလှိုင်လှိုင်ပွင့်ချိန်ကာလမှာ အင်္ဂလန်အသေးစားမြို့လေး(Small England) လို့တောင် တင်စားခေါ်ဝေါ်ကြတဲ့ ကျိုင်းတုံ(အရှေ့ပိုင်း) က လွိုင်မွေတောင်ပေါ်စခန်းမြို့လေးဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်မှာ ဖော်ပြပေးလိုက်ပါတယ်။ ။




## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(၂)လုံး မြို့ပြ၊ ရေ၊ မီး၊ မိလ္လာ ဆက်စပ်လုပ်ငန်းများ အပါအဝင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) **ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(၂)လုံး -မုံရွာမြို့၊ စစ်ကိုင်းမြို့**

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်** | - | ၂၃-၁၂-၂၀၂၄ရက် မှ ၈-၁-၂၀၂၅ ရက်အထိ |
| (ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရက်** | - | ၈-၁-၂၀၂၅ရက် ညနေ ၃နာရီထိ |
| (ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူတင်သွင်း ရမည့်နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စည်သူလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့ |

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၇၁-၂၄၈၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၂/B)နေ ကျွန်တော် ဦးဇင်ကိုကို(၁၄/ပသန(နိုင်)၂၀၉၆၃၈) (ဘ) ဦးခင်မောင်ဌေး နှင့် ဒေါ်ယုယုခိုင်(၁၄/ပသန(နိုင်)၁၈၁၄၈၀) (ဘ) ဦးတင်ရွှေ တို့သည် လွန်ခဲ့သော(၁၀)နှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ကျွန်တော် ဦးဇင်ကိုကို နှင့် ဒေါ်ယုယုခိုင် တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် မည်သူမျှ သွေးဆောင်တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်းများ မရှိဘဲ (၃-၁၁-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ ကျွန်တော် နှင့် ဒေါ်ယုယုခိုင် တို့သည် လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝ တို့တွင် တစ်ဦးနှင့်တစ်ဦး နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း အလျဉ်းမရှိတော့ဘဲ နေထိုင်ကြရန် ဝန်ခံကတိပြုခဲ့ကြပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်ကိုကို(၁၄/ပသန(နိုင်)၂၀၉၆၃၈)**
**အမှတ်(၁၂/B)၊ အောင်သုခလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ပုသိမ်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဇုန်(၃)၊ အမှတ်(၇၇)(အလျား ၃၅ပေXအနံ၁၃၅ပေ)ရှိ ရေမီးစုံ၊ ရေစက်ပါ အိမ်နှင့်ခြံမြေကို ရောင်းပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းဝေ (ခ)အန်တီဝေထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ မအေးချမ်းမြတ်မွန် ၁၂/အစန(နိုင်)၂၃၉၄၀၉က (၂၀-၁၂-၂၀၂၄)ရက်တွင် အိမ်နှင့်ခြံမြေကို အပြီးပိုင်ဝယ်ယူခဲ့ကြပါသည်။ ထိုအချိန်မှစ၍ အထက်ဖော်ပြပါအိမ်နှင့်ခြံမြေ၏ ယခုလက်ရှိပိုင်ရှင်မှာ (မအေးချမ်းမြတ်မွန်)သာ ယခုလက်ရှိပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်းဖြစ်ပါသည်။ ပိုင်ရှင်(မအေးချမ်းမြတ်မွန်)မသိရှိဘဲ ရောင်းချပေါင်နှံခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**မအေးချမ်းမြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်စိုးဝေ(LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၇)**
**အမှတ်(၆၇၂)၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်**
**ဖုန်း ၀၉-၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂၁**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ အထက(ဆင်ဖြူကျွန်း)Grade-11 မှ မချောသီတာ၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်ဌေး ၈/ဆဖန(နိုင်) ၁၀၆၈၅၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ဦးကျော်မြင့်၏သမီး ဒေါ်ဇင်မာဝေ ၆/ပလန(နိုင်) ၀၀၂၅၉၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၇၄၈၆၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/သုဝဏ္ဏ၊ မြေကွက်အမှတ် ၂၆၉/ခ၊ မြေကွက်တည်နေရာအမှတ် (၂၆၉/ခ)၊ ပျဉ်းမမြိုင်လမ်း၊ စုပေါင်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဦးဌေးအောင် (AG-၃၀၆၇၂၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဌေးအောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းဆွေ ၁၂/သဃက(နိုင်) ၀၁၃၈၂၀မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ ၇/၁၄၆၂/၂၀၂၄(၂၆-၇-၂၀၂၄)၊သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၇/မြို့မအနောက်ရပ်)၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဒေါ်ခင်မော်ဦး ၉/ပမန(နိုင်) ၁၁၁၁၀၆(ဘ)ဦးမြတ်စိုးဦးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၀၀၅၄)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၉/၂၀၁၈)(၂၁-၃-၂၀၁၈)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသော ဦးကျော်မင်းနိုင် ၉/ပမန(နိုင်) ၁၈၉၂၇၈(ဘ)ဦးသန်းဌေးမှ ဦးဝင့်ကျော်နိုင် ၁၄/ကပန(နိုင်) ၀၉၆၅၇၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေ ညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့၊ ဘုရားကုန်းအုပ်စု၊ သဲဖြူချောင်းကျေးရွာ၊ အမွေပုံရကွင်းအမှတ် ၆၆၉ ဦးပိုင်မှ အကျယ်အဝန်း (၅၀ x ၁၄) ပေရှိ မြေနှင့်အိမ်အား ပိုင်ရှင် ဦးသန်းအောင် ၁၂/သလန(နိုင်) ၀၆၁၂၄၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟဇော် ၁၂/သကတ(နိုင်) ၂၃၈၉၆၀ကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ ထက်ဝက်ကျော်ကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ယင်းရက်ကျော်လွန်က ဤအိမ်နှင့်မြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲအိအိဇော်(L.L.B)(အထက်တန်းရှေ့နေ)(စဉ် -၄၆၀၆၀)**
**အမှတ်(၁၆)၊၃/မာန်ပြေရပ်ကွက်၊(၁၇)လမ်းအနောက်၊ သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉၇၆၀၂၅၀၃၈၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၂၂၈၁၂)၊ ဧရိယာ ၀.၁၁၀ ဧကကို အမည်ပေါက် ဦးစိုးမြင့်အောင် (တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ ဦးကျော်မင်းထိုက် (ဘ)ဦးစိုးမြင့် ၁၄/ရကန(နိုင်)၁၂၂၅၄၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၅၅/၂၀၂၃၊ တရားမဇာရီမှုအမှတ် ၄၁/၂၀၂၃တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြ-ဒေါ်ခင်မျိုးဝင်း ၁၁/ရဗန(နိုင်)၀၆၆၃၁၈ ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဟံရွှေ(ခ) ဦးဟံရွှေ ၁၁/ရဗန(နိုင်) ၀၁၆၈၈၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၂၂)ရပ်ကွက် VIP၊ မြေကွက်အမှတ်(၃၉၃)ဟုမှတ်သားတည်ရှိသည့် အလျား(၆၀)ပေXအနံ(၈၀)ပေအကျယ်ရှိ မြေကွက်အား မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဦးငြိမ်းမောင်(၉/မလန(နိုင်)၁၀၂၇၄၂)ထံမှ ယင်းမြေကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးညွန့်လွင် ၁၂/မဂဒ(နိုင်)၀၈၂၃၀၀က ရောင်းကြေးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ယင်းမြေကွက်အရောင်းအဝယ်ပြုလုပ်မှုအား ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုစံ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)**
**ဖုန်း ၀၉-၇၈၃၆၆၇၅၂၂၊ ၀၉-၄၂၁၀၆၅၄၁၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/38912 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ် ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/69782, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်လျှမ်း ၇/နတလ(နိုင်)၀၇၃၂၂၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-အရှေ့ပြည်သာ၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁အေ (အပိုင်း-၂)၊ မြေကွက်အမှတ် ၁၂၀၊ ဧရိယာ(၀.၁၃၀)ဧကရှိ ဦးသက်ဝင်းမြင့်အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၀)ရပ်ကွက်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ကံ့ကော်လမ်း၊ အမှတ်(H.5)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းနိုင် ၅/ရဥန(နိုင်)၀၁၇၉၉၄ထံမှကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်တို့ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးကျော့ဆွေ (LL.B.)** | **ဒေါ်သက်ဆုလွင်မောင်(LL.B.)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၉၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၄)** |

**အမှတ် (၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၇၉၉၉၃၄၃၅၃ ၊ ၀၉-၇၈၅၀၀၉၈၉၃**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/66305, Honda 100 ယာဉ်လက်ဝယ်ရှိသူ Auto RY Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 56W/42813, Honda 100 ယာဉ်လက်ဝယ်ရှိသူ N C X Myanmar Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 61W/59041, Dayang-125 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd. က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 13U/6834, Dayang-200, Three Wheel (3x2) ယာဉ်လက်ဝယ်ရှိသူ Shwe Yati San Co.,Ltd. က(ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/6747, Nissan Diesel CD 46V,Truck (6x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစီသိန်းဘော် ၃/ကဆက (နိုင်) ၀၅၆၁၆၉ က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါ၍ ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်း ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 10W/84996, Jialing-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှပို ၈/ပခက(နိုင်) ၀၅၁၂၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၄/၂၀၂၄)
## ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
## (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)** ရာထူး (၁၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။
(ဃ) ၁-၁-၂၀၂၅ ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။
(စ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၂။ လျှောက်ထားသူများသည် အောက်ပါ စာရွက်စာတမ်းများ ပူးတွဲလျက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ **၃၁-၁-၂၀၂၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်-**

(က) ကိုယ်ရေးမှတ်တမ်း
(ခ) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ် မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊ ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးလက်မှတ်မူရင်း
(င) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ

၃။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို စစ်ဆေးမည်ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲကို ၇-၂-၂၀၂၅ ရက်(သောကြာနေ့) နံနက်(၀၉၃၀)နာရီမှ (၁၂၃၀)နာရီအထိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌** ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၅-၂-၂၀၂၅ ရက်နှင့် ၆-၂-၂၀၂၅ ရက် တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။ (စာမေးပွဲဖြေဆိုခွင့် ကတ်ပြားပါ နံပါတ်သည် ခုံအမှတ်ဖြစ်ပါသည်)

၆။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ဖြေဆိုပြီးသည့်ရက်မှ ရက်သတ္တ(၂)ပတ်အတွင်း လူတွေ့စစ်ဆေးမည့်သူများ၏ အမည်စာရင်းအား ကြေညာသွားမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမား မှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်- ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၉၆၅၈ နှင့် ၀၆၇-၃၄၀၉၁၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/58866 Stream-125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းမြိုင် ၈/ပခက(နိုင်) ၀၄၉၆၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/50133 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကို ၉/ပဘန(နိုင်)၂၁၆၀၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၁/ပဒေသာ)၊ ဦးပိုင်အမှတ် (၆၆၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား ဒေါ်စန်းလှိုင်(ဘ)ဦးသိန်း ၅/အရတ(နိုင်)၀၂၀၂၆၈ မှ မြေငှားဂရန်အသစ်ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/5966၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၀/က၊ ရန်နိုင်)၊ မြေကွက်အမှတ်(၈/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၂ ဧကရှိမြေအား ၇-၈-၂၀၀၄ ရက်တွင် ဒေါ်မြသန်း မှ ဒေါ်သိဂီထွန်း သို့ အရပ်ကတိစာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး ၆-၂-၂၀၂၄ ရက်တွင် ဒေါ်သိဂီထွန်းမှ ယင်းမြေကွက်အား ဝယ်ယူပြီး လက်ရှိနေထိုင်သည်မှာ မှန်ကန်ပါကြောင်း စစ်ကိုင်းခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုခဲ့၍ ၂-၅-၂၀၂၄ ရက်တွင် ဒေါ်သိဂီထွန်း(ဘ)ဦးအေးမြင့်ထွန်း ၅/ရဘန(နိုင်)၁၃၀၇၄၇မှ ဦးသူရကျော်(ဘ)ဦးကျော်စိန် ၁၃/ကတန(နိုင်)၀၁၁၄၆၅သို့ တရားဝင်မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ ဝယ်ယူပိုင်ဆိုင်သူ ဦးသူရကျော်အမည်ဖြင့် ပုဂ္ဂလိက မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

### အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စု၊ ရန်ကုန်-ပြည်ကားလမ်းနံဘေး၊ ကွင်းအမှတ် ၈၀၂[၅]၊ ဦးပိုင်အမှတ်(၁၀၈)[ခ] ၁၁၀/၃၊ မြေဧရိယာ ၀ ဒသမ ၇၅ ဧကပေါ်ရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိဆောက်လုပ်ထားသော " ရတနာ " စက်သုံးဆီဆိုင်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက် ဦးသန်းဇော်ကို ၇/လပတ(နိုင်)၀၉၁၃၃၀ (၎င်းတို့၏ အထူးကိုယ်စားလှယ်လွှဲခြင်းခံရသူ ဒေါ်သိဂီ ၇/ပတတ(နိုင်)၀၈၀၉၈၉) ထံမှ မြေကွက်နှင့်ဆီဆိုင်ကို အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်နိုင် ၇/နတလ(နိုင်)၀၉၁၀၇၂ မှ မြေကွက်နှင့် ဆီဆိုင်ကို လက်ရောက်ရယူထားပြီး **မြေနှင့် "ရတနာ" စက်သုံးဆီဆိုင်ပိုင်ရှင်** ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်နိုင် ၇/နတလ(နိုင်)၀၉၁၀၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုလွင် LL.B, C.B.L, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၅၇)**
**အမှတ်-၅၈၊ ခတ္တာလမ်း၊ ရွှေတည်(၂) ပေါင်းတည်မြို့၊ ဖုန်း-၀၉-၇၉၅၆၄၃၆၇၈**

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (RA-II/ကွက်ပြင်- ၂)၊ ဦးပိုင်အမှတ် (၁၁၂-က)၊မြေဧရိယာ ၀ ဒသမ ၅၁ ဧကရှိ မြေကွက်အား ၁။ ဦးဟန်မင်းသိန်း (ဘ)ဦးကျော်သိန်း(ခ)ဦးကျန်ဟောင်လင်း ၁၂/သဃက(နိုင်)၁၆၁၆၈၇၊ ၂။ ဒေါ်နုနုဝင်း (ဘ)ဦးကျော်သိန်း(ခ)ဦးကျန်ဟောင်လင်း ၁၃/တကန(နိုင်)၁၄၅၆၁၇၊ ၃။ ဦးထွန်းထွန်းနိုင်(ဘ)ဦးကျော်သိန်း (ခ)ဦးကျန်ဟောင်လင်း ၁၃/တကန(နိုင်)၁၄၅၆၁၈တို့မှ မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုးရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၉/ပန်းဘဲတန်း)၊ မြေကွက်အမှတ်(က/၆၅)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ဧကရှိ မြေသည် ဦးသိန်းထွန်း အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်၊ RP No.၃၇ V of 2020-2021(30 Years)ဖြင့် မြေငှားဂရန်သက်တမ်းမှာ (၂-၁-၂၀၂၀)မှ (၁-၁-၂၀၅၀) ရက်ထိဖြစ်ကြောင်း၊ အဆိုပါဂရန်မြေကွက်အား (၂၇.၆.၂၀၂၄)ရက်တွင် ဦးသိန်းထွန်း (ဘ)ဦးမောင်ကြီး ၁၂/လမန(နိုင်)၀၈၅၆၀၃ (အထူးကိုယ်စားလှယ်လွှဲအပ်သူ ဒေါ်တင်မေမိုးလွင် ၉/ဝတန(နိုင်)၁၄၂၁၄၆ မှ လက်မှတ်ရေးထိုးသည်) မှ ဦးသန်းထိုက်အောင် (ဘ)ဦးသန်းထွန်း ၉/ဝတန(နိုင်)၁၃၉၀၁၉ သို့ တရားဝင်မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးသန်းထိုက်အောင်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၈၁x၈၂လမ်းကြား၊ အမှတ် (၂၁)တွင်နေထိုင်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်စိုး ၁၂/ရပသ(နိုင်)၁၁၃၀၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်စိုးသည် ပူးတွဲဖော်ပြပါ "ROYAL FAMILY(RF)" CAR ACCESSORIES & TRUCK AUTOMOTIVE PARTS ကားအပိုပစ္စည်းအမျိုးမျိုးနှင့် ကားအလှဆင်အမျိုးမျိုး လက်လီ/လက်ကား ဖြန့်ချိရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၈-၁၁-၂၀၂၄) ရက်စွဲဖြင့် မှတ်ပုံတင်စာချုပ်အမှတ် (၃၄၄၀/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး "ROYAL FAMILY(RF)" CAR ACCESSORIES & TRUCK AUTOMOTIVE PARTS အမည်ဖြင့် ကားအပိုပစ္စည်းအမျိုးမျိုးနှင့် ကားအလှဆင်အမျိုးမျိုးတို့အား မြန်မာပြည်အနှံ့သို့လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် အမည်ကျော်ကြားလျက်ရှိပြီး ဝယ်ယူအားပေးကြသော မိတ်ဆွေများကိုလည်း အထူးကျေးဇူးတင်ရှိအပ်ပါသည်။

သို့ဖြစ်ပါ၍ဖော်ပြပါ "ROYAL FAMILY(RF)" CAR ACCESSORIES & TRUCK AUTOMOTIVE PARTS အမည်အား ဦးနိုင်စိုး တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား ဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ သုံးစွဲရောင်းဝယ်ခြင်း မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်တို့မိတ်ဆွေ ဦးနိုင်စိုး၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဒေါ်ဇာဇာမောင်** | **ဦးထွန်းလွင်ဦး** | **ဦးသိန်းဦး(ချယ်ရီမြေ)** | **ဒေါ်သီတာကို** |
| **LL.B, DL-101.IPlaw** | **LL.B.H.G.P** | **B.Sc.H.G.P,P.G.D.L** | **LL.B** |
| **(စဉ်- ၉၃၉၂)** | **(စဉ်-၆၂၅၁)** | **(စဉ်- ၁၄၃၃၉)** | **(စဉ်-၁၆၅၂၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၀)၊ ၈၇ A လမ်း၊ ၂၄ x ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**E.mail:zarzarmaung.lawyer@gmail.com**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၃/၁၆၊ အုဖို့လ်ကျင်း)၊ ဦးပိုင်အမှတ်(၈၇)၊ မြေဧရိယာ ၀ ဒသမ ၁၅၀ ဧကရှိမြေ သည် ဒေါ်ညိမ်းမြပါ(၅)ဦး အမည်ဖြင့် မြေငှား ဂရန် အမှုတွဲအမှတ်၊ RP No. 1 V of 1971-72(30 Years)၊ မြေငှားဂရန်သက်တမ်းမှာ (၃-၁၂- ၁၉၇၂)မှ (၂-၁၂-၂၀၀၂) ရက်ထိဖြစ်ကြောင်း၊ အဆိုပါမြေကွက်ပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်ညိမ်းမြ၊ ဦးစန်းထွန်း၊ ဒေါ်ဝင်းမြင့်တို့သည် အသီးသီးကွယ်လွန်သွားပြီဖြစ်သဖြင့် ကျန်ရစ်သူ ဦးထိန်ဝင်း(ခ) သိန်းဝင်း ၅/ ကဘလ(နိုင်)၀၇၁၅၇၃ ဦးသောကြာ(ခ)သိန်းဦး ၅/စကန(နိုင်)၀၃၀၃၄၄ တို့မှ (၁၂- ၃-၂၀၂၄) ရက်တွင်ကျမ်းကျိန်ဆိုကာ အဆိုပါ မြေငှားဂရန်အနက်ဦးပိုင်အမှတ်(၈၇/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၀ ဧကရှိမြေအား ၎င်းတို့မှ (၂၉-၄-၂၀၂၄) ရက်တွင် ဦးဇော်မင်းထွန်း ၅/ဘတလ(နိုင်)၁၀၂၈၄၈- ဒေါ်ဇင်မာဦး ၅/စကန(နိုင်)၁၈၁၉၉၇ တို့သို့ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူ ပိုင်ဆိုင်သူ ဦးဇော်မင်းထွန်း- ဒေါ်ဇင်မာဦးတို့အမည်ဖြင့် ပုဂ္ဂလိက မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်းစစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးဘဇုံ၏သမီး ဒေါ်မြထွေး ၉/မနတ(နိုင်)၀၁၁၆၁၄ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၁၁၃၅၂၇၊ ၀၉-၄၄၁၀၁၈၀၆၄

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GG/5429 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/99820 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/15690 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 30W/2012 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/6955 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/1389 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ဝင်းမြင့် ၁၄/ငပတ(နိုင်)၀၆၃၉၃၁၏ ဖခင် ဦးဘုန်းတင် (ခ) ဦးဖုန်းတင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ဝင်းမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြ ဆရာမ ဒေါ်သင်းသင်းအောင် ၁၂/ဗဟန(နိုင်)၀၇၂၈၂၇၏ ဖခင် ဦးသိန်းအောင်(ခ)ဦးသိမ်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်သင်းသင်းအောင်**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နီနီခိုင် ၁၁/ကတန(နိုင်)၀၀၀၈၅၄၏ မွေးသက္ကရာဇ်အမှန်မှာ (၂၈-၁-၁၉၆၆) ဖြစ်ပါကြောင်း။

**ဒေါ်နီနီခိုင်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းအတွက်(လုပ်ငန်းတစ်ရပ်လုံး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ဖြည့်စွက်ရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်းဆောင်ရွက်မည့် ဘားအံမြို့နယ်၊ ကော့လိုက်ကျေးရွာ၊ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် တည်ဆောက်ရေးလုပ်ငန်း တစ်ရပ်လုံး ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၂၄-၁၂-၂၀၂၄ ရက် (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါလျှောက်လွှာ နောက်ဆုံးထားတင်သွင်းရမည့် ရက်/အချိန်** | - | ၆-၁-၂၀၂၅ ရက် (၁၆:၀၀ နာရီ) |
| ၄။ | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - | ၇- ၁-၂၀၂၅ ရက်(၁၀:၀၀ နာရီ) |
| ၅။ | **တင်ဒါလျှောက်လွှာရောင်းချခြင်း၊ တင်ဒါပေးသွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့ |

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၊ ဒေသ (၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့၊ရုံးဖုန်း ၀၅၈-၂၂၅၀၂သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း လက်အောက်ရှိ ပိတ်ရက်လုပ်သည့် စက်ရုံများတွင် အသုံးပြုရန်လိုအပ်သော 150 D 100 % Polyester Textured Yarn (၄၀၀,၀၀၀)ပေါင်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၂-၂၀၂၄ ရက်(တနင်္လာနေ့)
**တင်ဒါပိတ်ရက်** - ၆-၁-၂၀၂၅ ရက် (တနင်္လာနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင်စုံစမ်းနိုင်ပါသည်-

**ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။**

၀၆၇ - ၃၄၀၈၁၃၈ ၊ ၀၆၇ - ၃၄၀၈၄၃၉ ၊ ၀၆၇ - ၃၄၀၈၄၉၂

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET, MIS , OA System အတွက် (နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲ)တို့၌ တပ်ဆင်အသုံးပြုထားသည့် Cisco & F5 load balancer များ၏ အာမခံကာလသက်တမ်းတိုးခြင်းနှင့် Product Maintenance Service ရယူလိုခြင်းအတွက် ပြည်တွင်းရှိ ကုမ္ပဏီ တစ်ခုခုထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါ သည်။

၂။ တင်ဒါစည်းကမ်းများ ပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၂၆-၁၂-၂၀၂၄) ရက်မှ (၃၁-၁၂-၂၀၂၄) ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Network Section ၌ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၇-၁-၂၀၂၅)ရက်၊ နေ့လယ်(၂:၀၀)နာရီတွင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီးတွင် တင်သွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ)**

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါ အာမခံကြေးအဖြစ် (၃)လသက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါ စာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(ငွေသား သို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝ (လုံးဝ) လက်ခံမည် မဟုတ်ပါ)**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ Network Section၊ ဖုန်း ၀၁-၉၅၅၉၄၈၉ နှင့် Email လိပ်စာ networkteam@cbm.gov.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကလောမြို့နယ်စည်ပင်သာယာရေးဌာန
## ကလောမြို့၊ မောမြေဦးပန်းခြံ စိမ်းလန်းစိုပြည်သာယာလှပရေး
## အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက်
## စိတ်ဝင်စားမှု အဆိုပြုလွှာ Expression of Interest ( EOI ) ခေါ်ယူခြင်း

၁။ ကလောမြို့၊ မောမြေဦးပန်းခြံ စိမ်းလန်းစိုပြည်သာယာလှပရေး အဆင့်မြှင့်တင်ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆိုထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုမည့်လုပ်ငန်း၏ ဆောင်ရွက်မည့် အစီအစဉ်များကို စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI)တင်ပြရန် ကြေညာ ခေါ်ယူအပ်ပါသည်။

၂။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် အဆိုပြုမည့် ဒီဇိုင်းများ၊ အသေးစိတ်စီမံချက်များနှင့်အတူ EOI စိစစ်ရွေးချယ်ရေး ကော်မတီအား (Power Point)ဖြင့် ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည်။ ရွေးချယ်ခံရသည့် အဆိုပြုလွှာများကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါမည်။

၃။ အဆိုပြုလွှာများကို ၂၁-၁-၂၀၂၅ ရက်၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား ၍ ကြီးကြပ်ရေးကော်မတီ (ကလောမြို့နယ်စည်ပင်သာယာရေးဌာန)သို့ ပေးပို့တင်သွင်းနိုင်ပါသည်။ အဆိုပြုလွှာ ပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကလောမြို့နယ်စည်ပင်သာယာရေးဌာနတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။ (ဖုန်း - ၀၈၁၅၀၀၆၂ ၊ ၀၈၁၅၀၀၆၃)

**မြို့နယ်စည်ပင်သာယာရေးဌာန၊ ကလောမြို့**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

